ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်၊ ဗုဒ္ဓဟူးနေ့ (15-2-2012)(၇၀၃၆)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

ဆားဘီးယားသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျရောက်သော ဆားဘီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့အခါသမယ၌ ဆားဘီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘောရစ် တာဒစ်ချ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဗီဂျေနမ်ဘီးယား ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဗီဂျေနမ်ဘီးယား ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဗီဂျေနမ်ဘီးယား ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ပကတိဖြစ်ပေါ်တိုးတက်မှုများ၊ မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

(သတင်းစဉ်)

မှတ်တမ်းတင် ဓာတ်ပုံရိုက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဗီဂျေနမ်ဘီးယား ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့်

၁၅-၂-၂၀၁၂ [ဗုဒ္ဓဟူးနေ့]။

ရောင်စုံလူကူးမျဉ်းကျားလေးများ

ယခင်က မျဉ်းကျားက လမ်းမကူးရင် အရေးယူဖူးသည်။ ပြေးတဲ့သူက ပြေး၊ လိုက်တဲ့သူကလိုက် လိုက်တမ်းပြေးတမ်း ကစားခဲ့ရပုံများကို သတိရမိသည်။ ယခုတစ်ဖန် လူကူးမျဉ်းကျားက လမ်းမကူးလျှင်ဒဏ်ရိုက်မည်၊ လူကူးမျဉ်းကျားမှ လမ်းကူးနေစဉ် အရှိန်ပြင်းမောင်းသည့် ကားကိုလည်း ဒဏ်ရိုက်မည်တို့သည် သတိပြုရမည့်အချက်ပင် ဖြစ်သည်။

ရန်ကုန်တွင် ကားလမ်းကူးလျှင် လူဦးလူဖြတ်၊ ကားဦးကားဖြတ် အဆင်ပြေသလို ကူးခဲ့သည့်အကျင့်ကပါနေသည်။ မျဉ်းကျားက လမ်းမကူးလျှင်အပြစ်ရှိသည်ကိုသိသူနည်းသည်။ အတွေးများသူမှလွဲ၍ အများစုမှာ ဘယ်ကြည့် ညာကြည့်၊ ဘယ်ပြန်ကြည့် ညာပြန်ကြည့် လမ်းရှင်းမှကူးသည်။ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ သတိပေးစာသားနှင့်အညီ ကားရှင်းပြီဆိုမှ လမ်းကူးရဲသည်မှာ လမ်းပေါ်ကလူတို့ နိစ္စဓူဝအလုပ်ဖြစ်သည်။ ခေါင်းကို ချာချာလည်အောင် ကြည့်ပြီးမှ လမ်းကူးရသည့်အဖြစ်က အခက်အခဲပေါင်းများစွာအနက်မှ တစ်ခုပင်ဖြစ်သည်။ စင်ကာပူတွင် အလုပ်သွားလုပ်နေသူတစ်ဦး ရန်ကုန်ပြန်ရောက်သည့်အခါ ကားလမ်းမကူးတတ်တော့သည့်အဖြစ်ကိုလည်း မြင်ယောင်မိသည်။ ရန်ကုန်ကို စင်ကာပူလို လုပ်တော့မှာဗျဟု ဇာတိမြေကို ခေတ္တပြန်လာသူများ စိတ်ချမ်းသာအောင် ပြောတတ်ကြသည်။

မျဉ်းကျားက လမ်းကူးသူတို့ကို ကားတို့က ရပ်မပေးကြ။ ယုတ်စွအဆုံး အဖြူအစိမ်းဝတ် ကျောင်းသား ကျောင်းသူပေါင်းများစွာ လမ်းကူးရန် စောင့်ဆိုင်းနေသည့် ကျောင်းရှေ့မျဉ်းကျားကိုပင် ယာဉ်မောင်းသူများက ကားမောင်းလာသည့် အရှိန်ပျက်မည်စိုး၍ထင့် ရပ်မပေးချင်ကြ။ အရှိန်မလျှော့ချင်ကြ။ ဂီယာမချိန်းချင်ကြ။ ရပ် ဆိုသော အလံဆိုင်းဘုတ်လေးကိုင်ကာ တာဝန်ကျကျောင်းသားလေးများနှင့် ဆရာမများက အတင်းရပ်ခိုင်းမှသာ ရပ်ပေးကြတော့သည်။ တခြားတခြားသော လူကူးမျဉ်းကျားများသည်လည်း ထိုအတိုင်းပင်။

မျဉ်းကျားမှ လမ်းကူးဖို့စောင့်ရင်း အချိန်တွေသာ ကြာသွားနိုင်သည်။ ကားတွေကတော့ ရပ်မပေးကြ။ မျဉ်းကျားက လမ်းမကူးလို့ အဖမ်းခံရမည်ကြောက်၍ မျဉ်းကျားရှာရသည့် အလုပ်လည်း ရှိသေးသည်။ မျဉ်းကျားကိုရှာမတွေ့၊ မီးပွိုင့်ထိပ်အထိ လမ်းပြန်လျှောက်ရင်လျှောက်၊ မလျှောက်ရင် ဟိုးအဝေးကြီးမှာ ခပ်ရေးရေးဆွဲထားသော မျဉ်းကျားဆီသွားဖို့က အဆင်မပြေနေကပူ၊ ကားကရှုပ် မျဉ်းကျားတွေ ဘာကြောင့်မရှိသည်ကို မစဉ်းစားတတ်။ ဟိုအရင်က တပ်ဆင်ခဲ့သည့် ကိုယ်တိုင်ခလုတ်နှိပ် လူကူးမျဉ်းကျားမီးပွိုင့်များကလည်း အခုပျက်လို့နေသည်။ ရန်ကုန်မြို့နေပြည်သူများ၏ နေ့စဉ်နေထိုင်သွားလာမှုများတွင် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်မှာ များစွာကျန်ရှိလို့နေသေးသည်။ မီးပွိုင့်တွေ၊ မျဉ်းကျားတွေ၊ လူကူးခုံးကျော်တံတားတွေ၊ ခေတ်မီယာဉ်ထိန်းစနစ်တွေ လိုအပ်နေသည်။

မြို့ကြီး ဖွံ့ဖြိုးတိုးတက်ဖို့ မြို့တော်သူ မြို့တော်သားများ၏ စည်းကမ်းရှိမှုများဖြင့် ပါဝင်ကူညီကြရမည်မှန်သော်လည်း မြို့နေပြည်သူများ နေထိုင်မှုစရိတ်ကြီးမြင့်လာမှုများကြောင့် ထပ်မံထမ်းဆောင်ရန် တတ်နိုင်မည် မဟုတ်ပေ။ ပြည်သူ့ဆန္ဒ အဓိကထားသော ဒီမိုကရေစီစနစ်တွင် ပြည်သူကသာ အရာရာကျခံ ဆောင်ရွက်ပေးရမည်ကို စဉ်းစားသင့်သည်။ နိုင်ငံတကာတွင် မြို့ပြများ၏ သယ်ယူပို့ဆောင်ရေးကိစ္စရပ်များ၊ မြို့ပြဖွံ့ဖြိုးမှုစီမံကိန်းများ၊ နေထိုင်သွားလာရေးတို့တွင် အရှုံးခံဆောင်ရွက်ပေးနေခြင်းရှိသည်။ ပြည်သူတို့၏ စိတ်ရှည် သည်းခံပေးဆပ်မှုများနှင့်ထပ်တူ မြို့တော်ကြီး ဖွံ့ဖြိုးစည်ပင်သာယာမှုများကို မြင်ချင်ကြသည်။ စင်ကာပူလောက်၊ ဗန်ကောက်လောက် မဟုတ်သေး။ တစ်ချိန်က ရန်ကုန်လောက်ဖြစ်ရင်ပင် မဆိုးလှ။ ဖြည်းဖြည်းချင်း တက်လှမ်းသွားရမည်မဟုတ်ပါလော။

အခုလည်း စည်းကမ်းရှိစွာဖြင့် မျဉ်းကျားလေးက လမ်းကူးချင်ပါသည်။ မော်တော်ယာဉ်များ ရပ်ပေးစေချင်ပါသည်။ မျဉ်းကျားလေးများ ဆေးရောင်သစ်လွင်စွာဖြင့် တွေ့မြင်လိုပါသည်။ မီးပွိုင့်လေးများ ပုံမှန်အချက်ပြစေချင်ပါသည်။ နောင်တဖြည်းဖြည်းနှင့် လူကူးခုံးကျော်တံတားများကသာ လမ်းကူးကြမည်။ ခလုတ်နှိပ်မီးပွိုင့်များကို အသုံးပြုကြမည်။ နှစ်ထပ်လမ်း၊ သုံးထပ်လမ်းကြီးများဖြင့် သွားလာကြမည်။ ယာဉ်အန္တရာယ်က ကင်းဝေးပြီး အသက်အန္တရာယ်မရှိအောင်၊ မသန်မစွမ်း ဒုက္ခိတတွေ မဖြစ်အောင် မိုးပျံတံတားများပေါ်ကသာ လမ်းကူးကြ၊ လမ်းလျှောက်ကြမည်။ အခုတော့ဖြင့် မျဉ်းကျားလေးကသာ အန္တရာယ်ကင်းကင်း လမ်းကူးချင်ပါသည်။ ။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများ အနေဖြင့် ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးဆောင်ရွက်ရာတွင် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြရန် လိုကြောင်း၊ ကော်မရှင်အနေဖြင့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရန် ဆောင်ရွက်ရာတွင် နိုင်ငံရေးပါတီများ၊ မဲဆန္ဒရှင်ပြည်သူများက ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်းဖြင့် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများ တွေ့ဆုံညှိနှိုင်း အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက ပြောကြားသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဦးညွန့်တင်က မဲစာရင်းပြုစုခြင်းနှင့် ကြိုတင်မဲပေးခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ အတွင်းရေးမှူး ဦးဝင်းကိုက လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ကန့်ကွက်ခြင်း၊ ရုပ်သိမ်းခြင်း၊ မဲလက်မှတ်များပြုစုရိုက်နှိပ်ခြင်း၊ ဖြန့်ဝေပေးပို့ခြင်း၊ မဲစာရင်းမိတ္တူကူးယူခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာများကို လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ဆန္ဒမဲပေးခြင်း၊ ဆန္ဒမဲရေတွက်ခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများ၊ ရွေးကောက်ပွဲ ကန့်ကွက်လွှာဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကို ဆွေးနွေးမေးမြန်းကြသည်။

ဆွေးနွေး မေးမြန်းချက်များအပေါ် ကော်မရှင်အတွင်းရေးမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများ တွေ့ဆုံညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မန္တလေးလမ်း (၃၆)ရပ်ကွက်နေ ဦးဆုမြိုင်-ဒေါ်ယဉ်ယဉ်၊ ကိုနေမျိုးသူ-မနွယ်နွယ်ဝင်း (လှကမ္ဘာစတိုး) မိသားစုက ဦးဆုမြိုင်၏ (၆၆)နှစ်ပြည့် မွေးနေ့အတွက် ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် ၁၇၀၀၀၀ လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးလက်ခံစဉ်။ (ကြေးမုံ)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၄ - ၂ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၈၄၄၂	၀. ၀၃၂၄၂
တရုတ် (ယွမ်)	၆. ၂၉၄၆၀	၀. ၁၅၈၈၇
အိန္ဒိယ (ရူပီး)	၄၉. ၃၆၇၅	၀. ၀၂၀၂၆
မလေးရှား (ရင်းဂစ်)	၃. ၀၄၅၁၀	၀. ၃၂၈၄၀
စင်ကာပူ (ဒေါ်လာ)	၁. ၂၆၅၁၂	၀. ၇၉၀၄၄
ဂျပန် (ယန်း)	၇၈. ၁၂၉၆	၀. ၀၁၂၈၀
တောင်ကိုရီးယား(ဝမ်)	၁၁၂၅. ၄၀	၀. ၀၀၀၈၉
ယူရို	၀. ၇၆၀၁၅	၁. ၃၁၅၅၃
ဗြိတိသျှ (ပေါင်)	၀. ၆၃၆၄၇	၁. ၅၇၁၁၈

အင်တာနက်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၅-၂-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

၇း၁၀ တရားတော်
၇း၂၅ မြန်မာ့ရှုခင်း
၈း၁၅ ဇာတ်လမ်းတို
၄း၄၀ ရှေးဟောင်းသုတ
၄း၅၀ သတိနှင့်တိုးမည့် ဖလံပိုးများ
၄း၅၅ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအထောက်အကူပြု သင်ခန်းစာ(သမိုင်း)
၅း၃၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၄၃)**
၆း၂၀ Mail Box
၆း၃၅ ကာတွန်းအစီအစဉ် -စူပါဟမ်းစတား(အပိုင်း-၂၄)
၇း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်ခွန်းဖွဲ့သီချစ်သူဆီ (အပိုင်း-၅၂)**
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
ရယ်စရာပျော်စရာဟာသကမ္ဘာ
-ကျွန်တော်တို့ရွာသူတို့အကြောင်း (ကောင်းပြည့်၊ ရီရီပွင့်ဖြူ ခင်လှိုင်နှင့် သရုပ်ဆောင်များ)
-ဒါရိုက်တာ စိန်လင်း(ပုံရိပ်ရွှေမြေ)
အိုင်စီတီသုတ
ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အချစ်ကြီး. . . ချစ် (အပိုင်း-၁၅)
ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

အောင်သာစည်ချစ်မောင်(အငြိမ်းစားဗိုလ်မှူး) ကြည်း-၃၅၅၆ မော်ကွန်းဝင်(ပ)ဆင့်၊ နိုင်ငံ့ဂုဏ်ရည်(ပ)ဆင့်-ဒေါ်အေးသင်နှင့် မိသားစုက အလှူငွေကျပ် ၁၀ သိန်းကို ဗိုလ်မှူးချုပ်စိန်လင်း တပ်မှူး အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင် (၅၀၀) သို့ ပေးအပ် လှူဒါန်းစဉ်။
(၀၀၁)

မန္တလေးကုန်စည်ဈေးနှုန်း

၁၄-၂-၂၀၁၂

ရွှေဈေး

အခေါက်ရွှေ(အဆင့်-၁)	၇၄၁၅၀၀
အခေါက်ရွှေ(အဆင့်-၂)	၇၄၀၀၀၀
ရွှေဒင်္ဂါး (ရွှေရည်မီ)	၆၅၆၅၀၀

ဆန်ဈေး
(သန့်စင်ပြီး တစ်တင်းခွဲအိတ်ဈေးနှုန်း)

ပေါ်ဆန်းမွှေး	၃၀၀၀၀
ရွှေဘိုမနော်	၁၈၀၀၀
မဂျမ်းတော	၂၀၀၀၀

ဆီဈေး

ပဲဆီ	၃၀၀၀/၃၆၀၀
နှမ်းဆီ	၂၅၀၀/၂၅၀၀
စားအုန်းဆီ	၁၈၇၀/၁၈၇၀

စက်သုံးဆီ

ရေနံစိမ်း(တစ်စည်)	၁၁၈ ဒသမ ၂၀ ဒေါ်လာ
ဓာတ်ဆီ(တစ်ဂါလန်)	၃၇၀၀/၄၂၀၀
ဒီဇယ်ဆီ(တစ်ဂါလန်)	၃၆၀၀/၃၉၀၀

(၀၀၂)

❃ပြည်ထောင်စုလွှတ်တော်မှ

ပြီးပြတ်အောင်ဆောင်ရွက်သွားသင့်ပါကြောင်း၊ မူဝါဒရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းများ ဆောင်ရွက်ရာတွင် လူထု၏ပါဝင်မှု၊ ပုဂ္ဂလိကကဏ္ဍ၏ အကြံပြုချက်ကို ထည့်သွင်းစဉ်းစားပေးသင့်ပါကြောင်း၊ ရေငန်တာတမံများကိုလည်း ဆည်၊ တမံများ တည်ဆောက်သကဲ့သို့ပင် စနစ်တကျတွက်ချက်၍ စက်ယန္တရားကြီးများအသုံးပြုကာ ဆောင်ရွက်သင့်ပါကြောင်း အဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးကြသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ရပ်နားပြီး အစည်းအဝေး(၁၂) ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

❖ ကျောဖုံးမှ

ထိုသို့တွေ့ဆုံရာတွင် မစ္စတာ ဗီဂျေနမ်ဘီးယားက မြန်မာနိုင်ငံ၌ အပြုသဘောဆောင်သည့် တိုးတက်ဖြစ်ပေါ်ပြောင်းလဲမှုများနှင့် ဒေသတွင်းသာမက အပြည်ပြည်ဆိုင်ရာ ဆက်ဆံမှုများတွင်လည်း ကောင်းမွန်ပြည့်စုံသည့် အခြေအနေကောင်းများကို စတင်မြင်တွေ့နေရကြောင်း၊ မကြာမီကျင်းပတော့မည့် ကြားဖြတ်ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် UNDP အနေဖြင့် အစွမ်းကုန်ကူညီပေးသွားမည်ဖြစ်ကြောင်းပြောကြားပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးပြောင်းလဲဖြစ်ပေါ် တိုးတက်နေမှုများအပေါ် အသိအမှတ်ပြုကာ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ကူညီမည့်ကိစ္စရပ်များအတွက် ဝမ်းမြောက်ဝမ်းသာကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကဏ္ဍများတွင် ပိုမိုတိုးတက်အောင်မြင်စေရေးအတွက် လွှတ်တော်မှ တစ်ခန်းတစ်ကဏ္ဍ ကြိုးပမ်းအားထုတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအခမ်းအနားသို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ်နှင့်အတူ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး Mr. Ashok Nigan နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ကော်မတီများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဆားဘီးယားသမ္မတနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျရောက်သော ဆားဘီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့အခါသမယ၌ ဆားဘီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဗွတ်ခ် ရဲရမစ်ချ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ်နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

မြန်မာနိုင်ငံတွင် ရောက်ရှိနေသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဗီဂျေနမ်ဘီးယားနှင့်အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ယနေ့နံနက် ၉ နာရီတွင် အဆိုပါ ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား အနာဂတ် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

တပ်မတော်(ရေ)အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်း အမှတ်စဉ်(၇၂)နှင့် တပ်မတော်(ရေ) အရာရှိငယ်(အင်ဂျင်နီယာ)သင်တန်း အမှတ်စဉ်(၄၆)သင်တန်းဆင်း

နေပြည်တော် ဖေဖော်ဝါရီ ၁၄

တပ်မတော်(ရေ)အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ် (၇၂)နှင့် တပ်မတော်(ရေ)အရာရှိငယ်(အင်ဂျင်နီယာ)သင်တန်း အမှတ်စဉ်(၄၆)သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သန်လျင်မြို့နယ်မြေခံ ရေတပ်လေ့ကျင့်ရေးကျောင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်သူရသက်ဆွေ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဆန်းဦး၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ခင်မောင်ထွန်း၊ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့မှ တပ်မတော်အရာရှိကြီးများ၊ ကျောင်းဆင်းအရာရှိများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများသည် စစ်ရေးပြကွင်းအတွင်း ချီတက်နေရာယူပြီး နိုင်ငံတော်အလံအား အလေးပြုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း ရောက်ရှိလာရာ ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများက အလေးပြုကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)က ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများကိုစစ်ဆေးသည်။

ယင်းနောက် ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများက ကာကွယ်ရေးဦးစီးချုပ်(ရေ)အား အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းသို့ တပ်ခွဲများက အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြစဉ် တပ်မတော်(ရေ)မှ စစ်ရေယာဉ်များက ရန်ကုန်မြစ်အတွင်းမှ ကာကွယ်ရေးဦးစီးချုပ်(ရေ)အား ပုံပြချီတက်မောင်းနှင် အလေးပြုကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ)က တပ်မတော် (ရေ)အရာရှိငယ် (စီမံခန့်ခွဲရေး) သင်တန်းအမှတ်စဉ်(၇၂)မှ အကောင်းဆုံးကျောင်းသားဆုရ ရေ(၄၈၇၇) ဗိုလ်ဇေညီညီကျော် အားလည်းကောင်း၊ တပ်မတော်(ရေ)အရာရှိငယ် (အင်ဂျင်နီယာ) သင်တန်းအမှတ်စဉ်(၄၆)မှ အကောင်းဆုံးကျောင်းသားဆုရ ရေ(၄၉၂၇) ဗိုလ်အာကာတိုးအားလည်းကောင်း ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ)က သင်တန်းဆင်းမိန့်ခွန်းပြောကြားသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် အခမ်းအနားသို့ တက်ရောက်လာသော အရာရှိကြီးများသည် ကျောင်းဆင်းအရာရှိများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် (ကိုယ်စား) ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း တပ်မတော်(ရေ) အရာရှိငယ် (စီမံခန့်ခွဲရေး) သင်တန်းအမှတ်စဉ်(၇၂) မှ အကောင်းဆုံးကျောင်းသားဆုရ ဗိုလ်ဇေညီညီကျော်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

တက္ကသိုလ်ဝင်စာမေးပွဲ ဆေးရုံစာဖြေဌာန သုံးခုဖွင့်လှစ်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ကျန်းမာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံစာစစ်အဖွဲ့တို့၏ ကြိုတင်ညှိနှိုင်းထားချက်အရ မတ် ၁၂ ရက်မှ ၂၂ ရက်အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဆေးရုံတက်ရောက်၍ ဆေးဝါးကုသမှုခံယူနေကြရသော ကျောင်းသားကျောင်းသူများ နစ်နာမှုမရှိစေရန် ရည်ရွယ်လျက် ဆေးရုံစာဖြေဌာနသုံးခုကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီးနှင့် ဝေဘာဂီအထူးကုဆေးရုံကြီးတို့၌ ဖွင့်လှစ်ပေးရန် စီစဉ်ထားသည်။

အကူအညီတောင်းခံနိုင်

စာမေးပွဲ ဝင်ရောက်ဖြေဆိုလိုကြသည့် ကျောင်းသား ကျောင်းသူ (အတွင်းလူနာ)များသည် အဆိုပါဆေးရုံကြီးများ၌ အထူးတာဝန်ချထားသော ဆေးလူမှုဆက်ဆံရေးအရာရှိများနှင့် ဆက်သွယ်ဆောင်ရွက် အကူအညီတောင်းခံနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မျိုးဆက်သစ်အားကစားသမားများ ရှာဖွေဖော်ထုတ်ရေးအစီအစဉ်အရ မြောင်းမြမြို့နယ်၌ မီနီမာရသွန်ပြိုင်ပွဲနှင့် ပြေးခုန်ပစ်ပြိုင်ပွဲများ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မျိုးဆက်သစ်အားကစားသမားများ နယ်မြေဆင်းရှာဖွေဖော်ထုတ်ရေး အစီအစဉ်အရ အားကစားဝန်ကြီးဌာနက ကြီးမှူး၍ ဧရာဝတီတိုင်းဒေသကြီး (၅) ခရိုင် အမျိုးသား/ အမျိုးသမီး မီနီမာရသွန် (ကီလိုမီတာ ၂၀) အပြေးပြိုင်ပွဲနှင့် ပြေးခုန်ပစ်ပြိုင်ပွဲများကို ယနေ့နံနက် ၆ နာရီတွင် မြောင်းမြမြို့ မြို့မအားကစားကွင်းရှေ့၌ ကျင်းပရာ မြောင်းမြမြို့ မြို့ပတ်လမ်းအတိုင်း ၎င်းမှ မြို့မအားကစားကွင်းရှေ့သို့ ပန်းဝင်ကြသည်။

အမျိုးသား/အမျိုးသမီး မီနီမာရသွန် အပြေးပြိုင်ပွဲတွင် ပထမဆု ငွေကျပ်ခုနစ်သိန်း၊ ဒုတိယဆု ငွေကျပ်သုံးသိန်း၊ တတိယဆု ငွေကျပ်နှစ်သိန်း၊ စတုတ္ထဆု ငွေကျပ် တစ်သိန်း၊ ပဉ္စမဆုနှင့် ဆဋ္ဌမဆု ငွေကျပ် ငါးသောင်းစီနှင့် သတ္တမမှ ဒသမဆုရရှိသူများအား နှစ်သိမ့်ဆုများကို ပေးအပ်ချီးမြှင့်ကြရာ အမျိုးသား မီနီမာရသွန် အပြေးပြိုင်ပွဲ၌ ပထမဆုရ မျိုးထက်ကျော် (ပဲခူး)၊ ဒုတိယဆုရ ရဲမင်းအောင် (မြောင်းမြ)၊ တတိယဆုရ ကျော်ငွေသန်း(ပဲခူး)၊ စတုတ္ထဆုရ မျိုးမြင့်ဦး(မြောင်းမြ)၊ ပဉ္စမဆုရ နန်းမင်းအောင် (ပဲခူး)၊ ဆဋ္ဌမဆုရ မျိုးမြတ် (လပွတ္တာ)နှင့် သတ္တမမှ ဒသမဆုရရှိသူများအား နှစ်သိမ့်ဆုများကို အားကစားဝန်ကြီးဌာန ဒုတိယ ရုံးအဖွဲ့မှူးက လည်းကောင်း၊ အမျိုးသမီး မီနီမာရသွန်အပြေးပြိုင်ပွဲ၌ ပထမဆုရ နှင်းယုစိုး(ပဲခူး)၊ ဒုတိယဆုရ လှိုင်းထက်မြတ်ထွန်း (ဖျာပုံ)၊ တတိယဆုရ ရူပါထွန်း (ဖျာပုံ)၊ စတုတ္ထဆုရ သဲသဲခိုင်(ပဲခူး)၊ ပဉ္စမဆုရ မေမြတ်မွန်သိန်း(မြောင်းမြ)၊ ဆဋ္ဌမဆုရ တင်တင်အောင်(ပဲခူး)နှင့် သတ္တမမှ ဒသမဆုရရှိသူများအား နှစ်သိမ့်ဆုများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုလတ်ကလည်းကောင်း ပေးအပ်ချီးမြှင့်ကြပြီး အဆိုပါပြိုင်ပွဲသို့ အမျိုးသား ၁၈၄ ဦးနှင့် အမျိုးသမီး ၇၈ ဦး စုစုပေါင်း ၂၆၂ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ (၅)ခရိုင် ပြေးခုန်ပစ်ပြိုင်ပွဲများကို မြို့မအားကစားကွင်း၌ ကျင်းပရာ အမျိုးသား /အမျိုးသမီး မီတာ ၁၀၀၊ မီတာ ၂၀၀၊ မီတာ ၄၀၀၊ မီတာ ၈၀၀ နှင့် သံလုံးပစ်၊ သံပြားပစ်၊ လှံတံပစ်ပြိုင်ပွဲများတွင် အမျိုးသား ၁၅၄ ဦးနှင့် အမျိုးသမီး ၁၀၃ ဦး စုစုပေါင်း ၂၅၇ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး အောင်နိုင်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ယခင်နှစ်များနှင့်မတူ ထူးထူးကဲကဲအောင်မြင်မှုရရှိစေရေးအတွက် ဒေါက်(၄)ဒေါက်ဖြင့် စီမံဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်မှ လက်ရွေးစင်အားကစားသမားများ၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်/မန္တလေး)မှ အလားအလာရှိသော အားကစားသမားများ၊ Champion Challenge Cup ပြိုင်ပွဲမှ စိစစ်ရွေးချယ်၍ အလားအလာရှိသော အားကစားသမားများ၊ အားကစားနှင့် ပညာရေးပေါင်းစပ်မှု အစီအစဉ်မှ အားကစားသမားများကို စိစစ်ရွေးချယ်ပြီး ၎င်းတို့အနက်မှ ထူးချွန်ထက်မြက်သော ပဏာမ နိုင်ငံ့လက်ရွေးစင်များနှင့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အိမ်ရှင်နိုင်ငံအဖြစ် ဂုဏ်သိက္ခာရှိစွာ အောင်မြင်မှု ဆုတံဆိပ်များ ဆွတ်ခူးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးမှ မျိုးဆက်သစ်နှင့်ပါရမီရှင် အားကစားသမားများ တွေ့ရှိပါက အားကစားဝန်ကြီးဌာနသို့ အမြန်ဆုံးဆက်သွယ်အကြောင်းကြားကာ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ခိုင်သည် ဖေဖော်ဝါရီ ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် အလုံမြို့နယ်ရှိ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရုံးချုပ်သင်တန်းခန်းမ၌ ကျင်းပသည့် မီတာစာရေး (ဒု) လုပ်ငန်းခွင် ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁/၂၀၁၂) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ သင်တန်းသားသင်တန်းသူ ၁၀၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

ဒီပဲယင်းမြို့နယ် သစ်ရာအိုက် အလက(ခွဲ)ကျောင်းဆောင်သစ်ဖွင့်

ဒီပဲယင်း ဖေဖော်ဝါရီ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် သစ်ရာအိုက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) သပြေကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၉ ရက်က သစ်ရာအိုက်ကျေးရွာ အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ သပြေကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး၊ အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဇင်မင်းထင်၊ မြို့နယ်ပညာရေးမှူး ဦးဝင်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(ယာပုံ)** စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသန်းထိုက်က သပြေကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

(ကြေးမုံ)

အင်းတော်မြို့၌ စာပေဟောပြောပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

အင်းတော်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် စာဆိုတော်နေ့ အထိမ်းအမှတ်စာပေဟောပြောပွဲကို အင်းတော်မြို့ အထက ရွှေရတုခန်းမ၌ ဖေဖော်ဝါရီ ၁၃ ရက်က ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးချစ်စရာ (မောင်သာချစ်-ဝက်လက်)က ဖတ်ကြားပြီး မြို့နယ်အဆင့် ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။ထို့နောက် စာရေးဆရာများဖြစ်ကြသော မြင်းမူမောင်နိုင်မိုး၊ မောင်ဆန္ဒ(လယ်ဝေး)၊ စောအောင်(တီကျစ်)တို့က စာပေရေးရာများ ဟောပြောခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၁၂ ရက်က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့သို့ပေးပို့သော သဝဏ်လွှာကို ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း ဖတ်ကြားစဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် တနင်္သာရီမြို့နယ်ရှိ ကျေးရွာများဖွံ့ဖြိုးတိုးတက်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၄

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုသည် ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းတွင် တနင်္သာရီမြို့နယ် သရဘွင်ကျေးရွာနှင့် ကျေးရွာအလယ်တန်းကျောင်းတို့ကိုလည်းကောင်း၊ တကူကျေးရွာ ကျေးရွာအခြေခံပညာအထက်တန်းကျောင်းနှင့် ကျေးရွာတိုက်နယ်ဆေးရုံတို့ကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ထို့နောက် ညောင်ပင်ကွင်းကျေးရွာ တံတားဆောက်လုပ်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး ပဝကျေးရွာ၌ ရွာသူ ရွာသားများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော်ကောင်စီဝင် ဒေါက်တာသန်းအောင် လမ်းဖောက်လုပ်မှု စစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၄

နေပြည်တော်ကောင်စီဝင် ဒေါက်တာသန်းအောင်သည် ဒက္ခိဏသီရိမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်မြေစာရင်းဦးစီးမှူးနှင့် ဒိုးနွယ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့ လိုက်ပါ၍ ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ် ဒိုးနွယ်ကျေးရွာအုပ်စုမှ ပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန် (ရန်ကုန်-မန္တလေး အမြန်လမ်း၊ Box Culvert ၂၀၂/၅-၆ မှ V4 လမ်းအထိ) မြေသားလမ်း ၇၆၈၅ ပေ ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **(ယာပုံ)** (သတင်းစဉ်)

ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ SILVER STAR FASHION SHOP ဝန်ထမ်းများနှင့် မိသားစုများက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် ခုနစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အကျိုးတော်ဆောင် စာရင်းစစ် ဦးအေးမောင်သန်း လက်ခံစဉ်။ (ဇီဝိတဒါနသံဃာ့ဆေးရုံ)

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

လေယာဉ်မှူးများ မူးယစ်ဆေးဝါးသုံးစွဲခြင်း ရှိ၊ မရှိ အင်ဒိုနီးရှား ဘာလီလေဆိပ်၌ စစ်ဆေးမှုစတင်ပြီ

ဂျကာတာ ဖေဖော်ဝါရီ ၁၄

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းရှိ နိုင်ငံတကာလေဆိပ်၌ လေယာဉ်မောင်းနှင်ခြင်းမပြုမီ လေယာဉ်မှူးအနေဖြင့် မူးယစ်ဆေးဝါးသုံးစွဲထားခြင်းရှိ၊ မရှိ စမ်းသပ်သွားမည့် အစီအစဉ်တစ်ရပ်ကို သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက စတင်အကောင်အထည်ဖော်လျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၁၄ရက်တွင် ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ၌ ယခင်က ခြောက်လလျှင်တစ်ကြိမ် ယင်းစမ်းသပ်မှုကို ပြုလုပ်ခဲ့သည်။ သို့ရာတွင် စမ်းသပ်မှုများ ပိုမိုတိကျမှန်ကန်စေရန် လေယာဉ်မမောင်းမီ နာရီပိုင်းအလိုတွင် စမ်းသပ်မှုပြုလုပ်သွားရန် သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက စီစဉ်ခဲ့ခြင်းဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သည့်နှစ်မှစ၍ မူးယစ်ဆေးဝါးသုံးစွဲမှုဖြင့် လေယာဉ်မှူးသုံးဦးနှင့် တွဲဖက်လေယာဉ်မှူးတစ်ဦးတို့ကို ဖမ်းဆီးခဲ့သည်။ ယင်းကဲ့သို့ အဖမ်းခံရသူများမှာ လိုင်းယင်းအဲလေကြောင်းဌာနမှ ဖြစ်ကြသည်။

လေယာဉ်မှူးများ မူးယစ်ဆေးဝါး သုံးစွဲထားခြင်းရှိ၊ မရှိ ၎င်းတို့၏ ဆီးနမူနာများကို ရယူကာ စမ်းသပ်စစ်ဆေးလျက်ရှိကြောင်း အင်ဒိုနီးရှား သယ်ယူပို့ဆောင်ရေး ဒုတိယဝန်ကြီး ဘမ်ဘန်း ဆူဆန်တိုနိုက ဂျကာတာပို့စ်သတင်းစာသို့ ပြောကြားသည်။ ***ဆင်ဟွာ။***

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းမှ ထွက်ခွာမည့် လေယာဉ်တစ်စင်း၏ လေယာဉ်မောင်းခန်းကို တွေ့ရစဉ်။

ဗန်ကောက်ပေါက်ကွဲမှုကြောင့် အရပ်သားလေးဦးဒဏ်ရာရ လက်ပစ်ဗုံး သယ်ဆောင်လာသူ အီရန်လူမျိုး ခြေထောက်ကျိုး

ဗန်ကောက် ဖေဖော်ဝါရီ ၁၄

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဖေဖော်ဝါရီ ၁၄ ရက်က ပေါက်ကွဲမှု ဖြစ်ပွားခြင်းကြောင့် အရပ်သားလေးဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ လက်ပစ်ဗုံးများ သယ်ယူလာသော အီရန်နိုင်ငံသားမှာ ၎င်း၏ လက်ပစ်ဗုံးပေါက်ကွဲမှုကြောင့် ခြေကျိုးသွားကြောင်း ထိုင်းအာဏာပိုင်များက ပြောသည်။

အဆိုပါ ပေါက်ကွဲမှုများသည် အိန္ဒိယနိုင်ငံ၌ အစ္စရေးသံတမန်တစ်ဦး၏ကားအား ဗုံးခွဲတိုက်ခိုက်ခံရပြီး နောက်တစ်ရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယင်းတိုက်ခိုက်မှုသည် အီရန်နိုင်ငံ၏ လုပ်ဆောင်ချက်ဖြစ်သည်ဟု အစ္စရေးက အပြစ်တင်သည်။

ဗန်ကောက်ဗုံးကွဲမှုနှင့် နယူးဒေလီတိုက်ခိုက်မှုတို့ ဆက်စပ်မှု ရှိ၊ မရှိဆိုသည်ကို အာဏာပိုင်များကရှင်းလင်းစွာ ပြောကြားခြင်းမရှိပေ။ သို့သော် အစ္စရေးနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူကမူ ဖြစ်ဖွယ်ရာရှိသည်ဟု ဆိုသည်။

ဗန်ကောက်မြို့အတွင်း အီရန်နိုင်ငံသားတစ်ဦးနေထိုင်သည့် နေအိမ်အတွင်းမှ ဖောက်ခွဲရေးပစ္စည်းများ တွေ့ရှိရသည်ဟု ထိုင်းလုံခြုံရေးတပ်ဖွဲ့များက ပြောသည်။

ဗန်ကောက်မြို့တွင်း ဗုံးပေါက်ကွဲရာနေရာတစ်နေရာမှ နိုင်ငံကူးလက်မှတ်တစ်အုပ်ကို ရှာဖွေတွေ့ရှိခဲ့ရာ ယင်းလက်မှတ်အရ တိုက်ခိုက်မှုကျူးလွန်သူသည် အီရန်နိုင်ငံမှ ဆာအစ်မိုရာဒီ ဖြစ်ကြောင်း အထောက်အထားဖြစ်သည်။

တီဟီရန်မြို့မှ အာဏာပိုင်များကမူ ယင်းဖြစ်ရပ်နှင့် စပ်လျဉ်း၍ ချက်ချင်း သဘောထားမှတ်ချက် ထုတ်ပြန်မှုမပြုလုပ်ခဲ့ပေ။ အင်္ဂါနေ့ ညနေပိုင်း ပေါက်ကွဲမှုများသည် မိုရာဒီ၏နေအိမ်တွင်း၌ ဝှက်ထားသည့် ဖောက်ခွဲရေးပစ္စည်းများ မတော်တဆပေါက်ကွဲမှုမှ စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အခင်းဖြစ်ရာနေရာမှ နိုင်ငံခြားသားနှစ်ဦး လျင်မြန်စွာ ထွက်ပြေးသွားကြောင်း၊ ၎င်းတို့နောက်မှဒဏ်ရာရရှိသွားသော မိုရာဒီက ပြေးလိုက်လာကြောင်း ထိုင်းရဲတပ်ဖွဲ့က ပြောသည်။

မိုရာဒီကို လက်ရဖမ်းဆီးရန်ကြိုးစားစဉ် ၎င်းက သူ့ကိုယ်သူကာကွယ်သည့်အနေဖြင့် လက်ပစ်ဗုံးဖြင့် ပစ်ဖောက်ရာ လက်ပစ်ဗုံးက သူ့ထံပြန်ရောက်သွားပြီး ပေါက်ကွဲရာ ခြေထောက်ကျိုးသွားသည်ဟု ရဲတပ်ဖွဲ့က ပြောသည်။

အင်တာနက်။

လက်ပစ်ဗုံး ပေါက်ကွဲရာနေရာ၌ ဗုံးကျွမ်းကျင်သူတစ်ဦး စစ်ဆေးနေစဉ်။

ကျည်ဆန်များ သယ်ဆောင်လာသော အမေရိကန်တစ်ဦး ပက်ရှ်ဝါလေဆိပ်၌ အဖမ်းခံရ

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၁၄

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ပက်ရှ်ဝါမြို့ရှိ လေဆိပ်တွင် ကျည်ဆန်များ သယ်ဆောင်လာသော အမေရိကန်နိုင်ငံသားတစ်ဦးကို ရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၁၄ ရက်တွင် ထိန်းသိမ်းလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ပါကစ္စတန်နိုင်ငံ ခိုင်ဘာပထန်ခဝါပြည်နယ်မြို့တော် ပက်ရှ်ဝါမှ အစ္စလာမ္မာဘတ်သို့ပျံသန်းမည့် လေယာဉ်တစ်စင်း ပေါ်တက်ရောက်ရန် ပြင်ဆင်နေသော အမေရိကန်နိုင်ငံသား တစ်ဦးကို ကျည်ဆန်များနှင့်အတူ စစ်ဆေးတွေ့ရှိရသည်။

ယင်းသို့ အဖမ်းခံရသူမှာ ဝီလျံချားလ်စ်ဆိုသူဖြစ်ပြီး ပက်ရှ်ဝါမြို့ရှိ အမေရိကန်ကောင်စစ်ဝန်ရုံး၌ အလုပ်လုပ်ကိုင်နေသူဖြစ်သည်ဟု ယူဆရသည်။

အဆိုပါ အမေရိကန်နိုင်ငံသားကို ပုံမှန်ရှာဖွေ စစ်ဆေးစဉ်အတွင်း ကျည်ဆန်နှစ်ဒါဇင်ခန့်ကို ၎င်း၏ ခရီးဆောင်သေတ္တာအတွင်း ရှာဖွေတွေ့ရှိခဲ့သည်။

အဆိုပါ ဖြစ်ရပ်နှင့် ပတ်သက်၍ အမေရိကန်သံရုံးက တစ်စုံတစ်ရာ ဝေဖန်ပြောကြားခြင်း မရှိပေ။ ***အင်တာနက်။***

စီးပွားရေးထွန်းသစ်စ အင်ဒိုနီးရှား၌ အာရှကားထုတ်လုပ်ရေးကုမ္ပဏီများ ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စား

ဂျကာတာ ဖေဖော်ဝါရီ ၁၄

အရှေ့တောင်အာရှဒေသ၌ စီးပွားရေးအင်အားအကြီးဆုံး နိုင်ငံဖြစ်သော အင်ဒိုနီးရှားနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် ဂျပန်နိုင်ငံမှသည် အိန္ဒိယနိုင်ငံအထိဖြစ်သောနိုင်ငံများမှ မော်တော်ယာဉ် ထုတ်လုပ်ရေးကုမ္ပဏီများက စိတ်ဝင်စားလျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဖေဖော်ဝါရီ ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။

အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးသည် နှစ်စဉ် ၆ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လျက်ရှိကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ၌ လူလတ်တန်းစားအလွှာ လူဦးရေမြင့်တက်လာနေကြောင်း ဖရော့စ်နှင့် ဆူလီဗန်စီးပွားရေးသုတေသနအဖွဲ့က ပြုလုပ်သော စစ်တမ်းတစ်ရပ်တွင် ဖော်ပြသည်။

ရင်းနှီးမြှုပ်နှံရန် လိုလား

အာရှတိုက်ရှိ မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီများသည် ဥရောပနှင့် အမေရိကတိုက်တို့၌ မော်တော်ကားရောင်းချမှု ကျဆင်းလာချိန်တွင် စီးပွားရေးထွန်းသစ်စ အင်ဒိုနီးရှားနိုင်ငံ၌ ရင်းနှီးမြှုပ်နှံရန် လိုလားသည်။

အင်ဒိုနီးရှားနိုင်ငံသည် အာရှ-ပစိဖိတ်ဒေသ၌ အကြီးဆုံးသော မော်တော်ကားထုတ်လုပ်ရေး ဈေးကွက်အဖြစ် ထိုင်းနိုင်ငံကို လိုက်မီလာပြီဖြစ်ကြောင်း သုတေသနလေ့လာချက်တွင် ဖော်ပြသည်။ **အင်တာနက်။**

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်အား ပြင်သစ်နိုင်ငံသံအမတ်ကြီးနှင့် အစ္စရေးနိုင်ငံ သံအမတ်ကြီးတို့ သီးခြားစီလာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်အား မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး H.E. Mr. Thierry MATHOU ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးအား မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E. Mr. Yaron Mayer သည် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး သမဝါယမလုပ်ငန်းများနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းများတွင် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာအကူအညီပေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းနှင့် သမဝါယမဝန်ကြီးဌာနရှိ ဦးစီးဌာန/လုပ်ငန်းများမှ ဌာနအကြီးအကဲများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်အား မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E. Mr. Yaron Mayer လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဗီဂျေနမ်ဘီးယားနှင့် အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးများဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးသန့်ရှင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံးမှ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပဋ္ဌမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး(ပထမနေ့) စတင်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး(ပထမနေ့)ကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ်(၁၁၉)ဦးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက မိန့်ခွန်းပြောကြားပြီး အဆိုပါမိန့်ခွန်းကို တိုင်းဒေသကြီးလွှတ်တော်က မှတ်တမ်းတင်သည်။

ရှင်းလင်းတင်ပြ

ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့က တင်သွင်းသော ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် ဒေသန္တရစီမံကိန်းဥပဒေကြမ်းကိုလည်းကောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်းပြုပြင်ပြီး ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၂ ခုနှစ် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၂ ခုနှစ် တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို လည်းကောင်း၊ တိုင်းဒေသကြီး ၂၀၁၂ ခုနှစ် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့် ၂၀၁၂ ခုနှစ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို လည်းကောင်း သက်ဆိုင်ရာတိုင်းဒေသကြီးဝန်ကြီးများက ရှင်းလင်းတင်ပြခြင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီး ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၂ ခုနှစ် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို လည်းကောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းနှင့် ၂၀၁၂ခုနှစ် တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို လည်းကောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး ဝန်ကြီးများက တင်သွင်းခြင်း၊ အဆို(၃)ခုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ပြီး အစည်းအဝေးကို မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး(ပထမနေ့)၌ မိန့်ခွန်းပြောကြားစဉ်။

(သတင်းစဉ်)

ဗုဒ္ဓဘာသာလူငယ်ယဉ်ကျေးမှု(နည်းပြ)သင်တန်း ဖွင့်လှစ်မည်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ထေရဝါဒ ဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့ (နေပြည်တော်ပျဉ်းမနား)နှင့် ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်းတို့မှ ပူးပေါင်းစီစဉ်ကျင်းပသော ဗုဒ္ဓဘာသာ လူငယ်ယဉ်ကျေးမှု(နည်းပြ)သင်တန်းကို ဖျူးမြို့ ထန်းကုန်းရပ်ကွက် ကျောင်းသစ်လမ်း ကျောင်းသစ်ကျောင်းရှိ ဓမ္မရောင်ခြည် ဓမ္မဗိမာန်တော်၌ ဖေဖော်ဝါရီ ၁၈ ရက်နှင့် ၁၉ ရက်များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ သင်တန်းတွင် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာများနှင့် သင်ကြားနည်းစနစ်များကို ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့မှ ဆရာကြီး ဆရာမကြီးများက ဓမ္မဒါနသင်ကြားပို့ချပေးမည်ဖြစ်ပြီး လိုအပ်သော စာရွက်စာတမ်းများကိုပါ ဓမ္မဒါနလှူဒါန်းမည်ဖြစ်သည်။ သင်တန်းသို့ လက်ရှိသင်ကြားမှုဆောင်ရွက်နေသည့် ဆရာ ဆရာမများနှင့် အသက်(၁၈)နှစ်ပြည့်ပြီးသူ ယဉ်ကျေးမှုသင်တန်းများတွင် နည်းပြအဖြစ် ပြန်လည်သင်ကြားလိုသူများ တက်ရောက်နိုင်ကြောင်း၊ နေ့လယ်စာအတွက် အလှူရှင်များက လှူဒါန်းမည်ဖြစ်ကြောင်းနှင့် သင်တန်းတက်ရောက်လိုသူများသည် ဓမ္မရောင်ခြည် ဓမ္မဗိမာန်တော် ဖျူးမြို့ ဖုန်း-၀၅၄-၄၀၃၈၉၊ ၀၉-၅၁၈၁၈၇၆၊ ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်း သိမ်ကြီးဈေး(စီ)ရုံ အဆောင် (၄) ပထပ် ဖုန်း-၃၈၂၉၃၅ နှင့် ၀၉-၅၀၇၉၆၇၄ တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ယာဉ်မတော်တဆမှုလျော့နည်းပပျောက်ရေး ရှောင်တခင်စစ်ဆေး

လားရှိုး ဖေဖော်ဝါရီ ၁၄

လားရှိုးမြို့ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသန်းကျော်ဖေဦးဆောင်သောအဖွဲ့နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ် သိန်းဆွေညွန့်၊ မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ ဦးစိုင်းမင်းခန့်၊ ဦးညီညီလှိုင်တို့သည် ဇန်နဝါရီ ၂၇ ရက်နှင့် ၂၈ ရက်က လားရှိုးမြို့ မန်ဆူအဝေးပြေးကားဝင်းအတွင်းရှိ လားရှိုးမှ မန္တလေးနှင့် နေပြည်တော်၊ လားရှိုးမှ ရန်ကုန်သို့ ခရီးသည်တင်ပြေးဆွဲမည့် တက်လမ်း၊ မန်းရွှေပြည်၊ ရွှေလားရှိုး၊ မြတ်မန္တလာထွန်း၊ စိန်မျှား၊ ရတနာ၊ အားသစ်၊ ငြိမ်းချမ်းနှင့် ကြယ်တံခွန် မော်တော်ယာဉ်အသင်းများအား ယာဉ်ကြံ့ခိုင်မှုနှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ သတ်မှတ်လိုင်စင်ပါရှိမှု ရှိ/မရှိတို့ကို ရှောင်တခင်စစ်ဆေးခဲ့ပြီး **(ယာပုံ)**ယာဉ်စည်းကမ်း လမ်းစည်းကမ်းများအပါအဝင် ယာဉ်မတော်တဆဖြစ်ပွားမှု လျော့နည်းပပျောက်ရေးနှင့် စပ်လျဉ်း၍ ပညာပေးဟောပြောဆွေးနွေးကြကြောင်း သိရသည်။ (ပြည်နယ်ကညန)

သန့်စင်ခန်းအတွင်းဝင်စဉ် နှလုံးသွေးလျှံ၍ သေဆုံး

ရေစကြို ဖေဖော်ဝါရီ ၁၄

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရုံးချုပ်မှ ကြီးကြပ်ရေးမှူး ဦးကျော်ရှိန်သည် ဦးသူရဝင်း၊ ဦးစိုးမင်း၊ ဦးမျိုးမင်းထွန်းတို့နှင့်အတူ ရေစကြိုမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ဌာနတွင်းစာရင်းစစ်ဆေးခြင်း တာဝန်ထမ်းဆောင်ရင်း ဖေဖော်ဝါရီ ၁၀ ရက်တွင် သန့်စင်ခန်းဝင်စဉ် သေဆုံးသွားခဲ့သည်။

သွေးပုပ်၍သေဆုံး

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၇ နာရီခန့်တွင် ရေစကြိုမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးကျော်မြင့်က တယ်လီဖုန်းဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရုံးချုပ်မှ ကြီးကြပ်ရေးမှူး ဦးကျော်ရှိန်မှာ ဘဏ်ရုံးသန့်စင်ခန်းတွင်း သေဆုံးနေကြောင်း အကြောင်းကြားသဖြင့် ရေစကြိုရဲစခန်းမှ စခန်းမှူး ရဲအုပ်ဌေးအောင်နှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ နှလုံးသွေးလျှံပြီး သွေးပုပ်၍ သေဆုံးကြောင်း သိရသည်။

ဤဖြစ်စဉ်နှင့်ပတ်သက်၍ ကျန်းမာရေးဌာနတာဝန်ရှိသူတစ်ဦးက သန့်စင်ခန်းဝင်ရာတွင် ဆောင့်ကြောင့်ထိုင်တက်ရသဖြင့် တံကောက်ကွေးသည် သွေးလည်ပတ်မှုကို ညှစ်ထားသလိုဖြစ်နေသည့်အတွက် နှလုံးသွေးအင့်ရာမှ အသက်အန္တရာယ်ရှိနိုင်ကြောင်းနှင့် သွေးတိုး၊ နှလုံးရောဂါရှိသူများ၊ ဝသူများအနေဖြင့် ဘိုထိုင်အိမ်သာသည် အကောင်းဆုံးဖြစ်ရာ ကျန်းမာရေးအတွက် ဘိုထိုင်အိမ်သာကို အသုံးပြုရန် အကြံပြုစကားမှာ မှတ်သားစရာပင်ဖြစ်သည်။ သေဆုံးသူ ဦးကျော်ရှိန်မှာ အဝလွန်သူတစ်ဦးဖြစ်သည်။ (ဖေထွဏ်းဇော်)

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ပဋ္ဌမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ဇမ္ဗူသီရိအားကစားဇုန် ဘော်လီဘောကွင်း၌ ဆက်လက်ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက အားကစားဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက စက်မှုဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိသွားကြပြီး ဖေဖော်ဝါရီ ၁၆ ရက်တွင် တတိယနေရာလုပွဲစဉ်အဖြစ် အားကစားဝန်ကြီးဌာနအသင်းနှင့် စက်မှုဝန်ကြီးဌာနအသင်း၊ ဖေဖော်ဝါရီ ၁၇ ရက်တွင် ဗိုလ်လုပွဲစဉ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကြံ့တောင့်ကြံ့ခံ ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲ ကုသိုလ်ယူပါဝင်ဆင်နွှဲ

နွဲ့နွဲ့ကြည်

ရန်ကုန်မြို့ သိင်္ဂုတ္တရကုန်းတော်ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးသည် ဤဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူပြီးသော ကကုသန် မြတ်စွာဘုရား၏ “တောင်ဝေှးတော်”၊ ကောဏာဂုံ မြတ်စွာဘုရား၏ “ရေစစ်တော်”၊ ကဿပမြတ်စွာဘုရား၏ “ရေသနုပ်တော်”နှင့် ဂေါတမမြတ်စွာဘုရား၏ ဆံတော်ရှစ်ဆူတို့ကို ဌာပနာပြီး တည်ထားတော်မူသည့် စေတီတော်ဖြစ်သည်။ လေးဆူဓာတ်ပုံရွှေတိဂုံဟုလည်း ထင်ပေါ်ကျော်ကြားသည်။ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးကို မဟာသက္ကရာဇ် ၁၀၃ ခုနှစ်တွင် စတင်တည်ထားပူဇော်ခဲ့သည်။ သာသနာတော်နှစ် ၂၅၅၅ တွင် ဂေါတမမြတ်စွာဘုရား ပွင့်တော်မူပြီး ၄၅ ဝါ ကာလကို ထည့်သွင်းရေတွက်ပါက ရွှေတိဂုံစေတီတော် တည်ထားပူဇော်သည်မှာ နှစ် ၂၆၀၀ ပြည့်ပြီဖြစ်ပေသည်။

ရွှေတိဂုံစေတီတော်တွင် ဌာပနာမည့် ဆံတော်မြတ်များအား ပင့်ဆောင်ရာလမ်းတစ်လျှောက်ရှိ ဒေသများ၌ ဆံတော်ကြိုစေတီများအား တည်ထားပူဇော်ခဲ့သည်။

ရွှေတိဂုံစေတီတော် နှစ် (၂၆၀၀) ပြည့်ပွဲတော်ကျင်းပရာ၌ ဆံတော်ကြိုစေတီတည်ရှိသော ဒေသများသို့ ရွှေတိဂုံစေတီတော်၏ ဂုဏ်တော်များလွှမ်းခြုံပျံ့နှံ့စေရန်၊ မိမိတို့ဒေသ၌ ဆံတော်ကြိုစေတီများတည်ရှိသည်ကို သတိပြု ဂုဏ်ယူစေရန်၊ ရွှေတိဂုံစေတီတော်၏ အင်္ဂါရပ်တော်အစိတ်အပိုင်းများအား အနီးကပ်ဖူးတွေ့ပူဇော်နိုင်စေရန်၊ ဒေသခံပြည်သူများ ကုသိုလ်တရားများ တိုးပွားရရှိစေရန်ဟူသော ရည်ရွယ်ချက်များဖြင့် ရွှေတိဂုံစေတီတော်ပုံတူ ရွှေသားစေတီ၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေသင်္ကန်းတော်များအား ပွဲတော်အကြိုကာလဖြစ်သော တပို့တွဲလပြည့်ကျော် ၄ ရက်မှ တပို့တွဲလကွယ် (ဖေဖော်ဝါရီ ၁၁ ရက်မှ ၂၂ ရက်)အထိ လှည့်လည် အပူဇော်ခံလျက်ရှိသည်။

ယင်းသို့ လှည့်လည်အပူဇော်ခံရာ၌ ဖေဖော်ဝါရီ ၁၁ ရက်တွင် ကွမ်းခြံကုန်းမြို့နယ် ညောင်ငူကျေးရွာကျိုက်ဒေးကနောင်စေတီ၊ ဖေဖော်ဝါရီ ၁၂ ရက်တွင် ကွမ်းခြံကုန်းမြို့နယ် အင်္ဂလုံးကျေးရွာ ကျိုက်အုံ့ခလွန်းစေတီ၊ ဖေဖော်ဝါရီ ၁၃ ရက်တွင် ကော့မှူးမြို့နယ် ဆပုဂံကျေးရွာ ဆပုဂံစေတီ၊ ဖေဖော်ဝါရီ ၁၄ ရက်တွင် ကော့မှူးမြို့နယ် တရုတ်ကုန်းကျေးရွာ ကျိုက်တဂိုးနွတ်စေတီတို့တွင် အပူဇော်ခံပြီးဖြစ်သည်။

ဖေဖော်ဝါရီ ၁၅ ရက်တွင် ကော့မှူးမြို့နယ် တဂူခြံကျေးရွာရှိ ကျိုက်တဂိုးတွတ်စေတီ၊ ဖေဖော်ဝါရီ ၁၆ ရက်တွင် ကော့မှူးမြို့နယ် လက်ခိုက်ကျေးရွာရှိ ကျိုက်မွန်ထိုစေတီ၊ ဖေဖော်ဝါရီ ၁၇ ရက်တွင် ကော့မှူးမြို့နယ် ကော့မှူးကျေးရွာရှိ ကျိုက်ကော့မှူးစေတီ၊ ဖေဖော်ဝါရီ ၁၈ ရက်တွင် တွံတေးမြို့နယ် ဘုရားကြီးကျေးရွာရှိ ဖလကြီးစေတီ၊ ဖေဖော်ဝါရီ ၁၉ ရက်တွင် တွံတေးမြို့နယ် ကဘင်းကျေးရွာရှိ ကျိုက်ကေသာစေတီနှင့် ဖေဖော်ဝါရီ ၂၀ ရက်တွင် ဆိပ်ကမ်းမြို့နယ်ရှိ ဗိုလ်တထောင် ကျိုက်ဒေးအပ်စေတီတို့တွင် ဆက်လက်အပူဇော်ခံမည်ဖြစ်သည်။ တစ်ညတာ ကိန်းဝပ်အပူဇော်ခံရာတွင် ဒေသခံများက ဓမ္မဒေသနာတော်များကို ရွတ်ဖတ်ပူဇော်ခြင်း၊ ပန်း၊ ဆီမီးစုပေါင်းပူဇော်ခြင်း၊ ဆွမ်းတော်ကြီး ပို့ခြင်း၊ ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းခြင်းများဖြင့် ကုသိုလ်ပြုကြမည်ဖြစ်သည်။

ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင်၌ ကျင်းပမည်ဖြစ်သည်။ အသံမစဲ မဟာပဌာန်းပူဇော်ပွဲ၊ ဓမ္မဒေသနာတော်များ ရွတ်ဆိုပူဇော်ပွဲနှင့် ဓမ္မကထိကဆရာတော်ကြီးများ၏ တရားပွဲများကို ဖေဖော်ဝါရီ ၂၂ ရက်မှ မတ် ၇ ရက် (တပေါင်းလပြည့်နေ့)အထိ ကျင်းပ၍ တပေါင်းလပြည့်နေ့ နံနက် ၅ နာရီတွင် ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းပွဲကို ကျင်းပမည်ဖြစ်ရာ ကုသိုလ်ယူပါဝင်လှူဒါန်းနိုင်ကြမည်ဖြစ်သည်။

တပေါင်းလဆန်း ၄ ရက် (ဖေဖော်ဝါရီ ၂၅ ရက်) စနေနေ့ နံနက်တွင် သံဃာတော်အပါး (၂၆၀၀) ဖြင့် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူပြီးနောက် သံဃာတော်များကို စောင်းတန်းလေးသွယ်တွင် ဆွမ်းဆန်တော်များ လောင်းလှူပူဇော်မည်ဖြစ်သည်။ စောင်းတန်းတစ်ခုလျှင် သံဃာတော်အပါး ၆၅၀ ခန့်ကို ဆွမ်းဆန်တော်များ လောင်းလှူမည်ဖြစ်၍ လှူဒါန်းလိုသော အလှူရှင်များကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း နှိုးဆော် ဖိတ်ခေါ်ထားပေသည်။

ရွှေတိဂုံစေတီတော် တည်ထားပူဇော်ခဲ့သည်မှာ နှစ်ပေါင်း (၂၆၀၀) ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း မြတ်ဗုဒ္ဓ၏ အဆုံးအမဒေသနာတော်များအား မမေ့မပျောက် လိုက်နာကျင့်သုံး စောင့်ရှောက်ရုံမျှသာမက ရွှေတိဂုံစေတီတော်ကြီး တည်တံ့ခိုင်ခံ့အောင် စောင့်ရှောက်ထားရှိသည်ကို သတိပြုအမှတ်ရစေရန်၊ လေ့လာမှတ်သားကြည်ညိုသဒ္ဓါတရားများ တိုးပွားလာစေရန်နှင့် ရွှေတိဂုံစေတီတော် နှစ် (၂၆၀၀) ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင် ကိုယ်တိုင်ကိုယ်ကျ လှူဒါန်းကုသိုလ်ယူ ပါဝင်ဆင်နွှဲနိုင်ကြစေရန် အသိပေးနှိုးဆော်တင်ပြလိုက်ရပါသည်။ ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် မလာဝီသမ္မတနိုင်ငံတို့အကြား သံတမန်အဆက်အသွယ်ထူထောင်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် မလာဝီသမ္မတနိုင်ငံတို့သည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ မူကြီးများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့နှင့်အညီ နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကို ထူထောင်လိုသည့် ဆန္ဒရှိကြသည့် အားလျော်စွာ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှစတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ် ထူထောင်ကြသည်။

နှစ်နိုင်ငံ သံတမန်အဆက်အသွယ်ထူထောင်သည့် ပူးတွဲကြေညာချက်ကို အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် အိန္ဒိယနိုင်ငံဆိုင်ရာ မလာဝီမဟာမင်းကြီးတို့သည် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် နယူးဒေလီမြို့၌ လက်မှတ်ရေးထိုးကြသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့် သံတမန်ဆက်ဆံမှုတိုးချဲ့ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မလာဝီသမ္မတနိုင်ငံသည် မြန်မာနိုင်ငံ၏ (၁၀၅)နိုင်ငံမြောက် သံတမန်ဆက်ဆံမှု ထူထောင်သည့်နိုင်ငံဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘူတန်နိုင်ငံတို့အကြား သံတမန်အဆက်အသွယ်ထူထောင်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘူတန်နိုင်ငံတို့သည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါမူကြီးများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့နှင့်အညီ နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကို ထူထောင်လိုသည့် ဆန္ဒရှိကြသည့် အားလျော်စွာ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ် ထူထောင်ကြသည်။

နှစ်နိုင်ငံ သံတမန်အဆက်အသွယ် ထူထောင်သည့် ပူးတွဲကြေညာချက်ကို ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်နှင့် ကုလသမဂ္ဂဆိုင်ရာ ဘူတန်အမြဲတမ်းကိုယ်စားလှယ်တို့သည် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် နယူးယောက်မြို့၌ လက်မှတ်ရေးထိုးကြသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့် သံတမန်ဆက်ဆံမှုတိုးချဲ့ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဘူတန်နိုင်ငံသည် မြန်မာနိုင်ငံ၏ (၁၀၆)နိုင်ငံမြောက် သံတမန်အဆက်အသွယ် ထူထောင်သည့်နိုင်ငံဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

/////////////

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ဗြိတိန်နိုင်ငံ World Pheasant Association- WPA မှ Director Mr. Phil Mc Gowan နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၅-၂-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

[၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၈) ရက်၊ (ဥပုသ်နေ့)]

၇း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅	မင်းကွန်းဆရာတော်ကြီး၏ ဒိသာဖရဏမေတ္တာပို့ ဓမ္မပူဇာတေး (တေးရေး-မောင်မောင်လတ် သီဆိုပူဇော်သည်)
၇း၅၀	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၂၅	“စာဖတ်သံလေးမျှဝေပေး”
၈း၄၀	မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာ ဘာဝနာပွားများခြင်း တရားတော်
၄း၀၀	စစ်ချီတေး၊ စစ်သည်တေး
၄း၃၀	၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ဇီဝဗေဒဘာသာရပ်)
၅း၃၀	“ချစ်သောမြေ၊ ချစ်သောရေ”
၅း၄၅	ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၆း၂၀	မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၇း၀၅	လက်တွေ့တင်ဆက် ကလေးတို့အိပ်မက်
၇း၅၀	“ရောဝတီအလှတစ်ပါး ရတနာပုံတံတား” (အပိုင်း-၃) ပျော်ရွှင်ရင်ခုန်ပြကွက်စုံ နိုင်ငံခြားဇာတ်လမ်းတွဲ “အချစ်ဆုံး” (အပိုင်း-၃၂) မြန်မာဗီဒီယိုဇာတ်လမ်း “ကြယ်ရိပ်ခိုတဲ့လ” (ခန့်စည်သူ၊ ဘုန်းသျှန်၊ ဦးရဲမောင်၊ ခိုင်သင်းကြည်၊ ချိုပြုံး) (ဒါရိုက်တာ-အောင်ဩဘာ)



ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့် ဗြိတိန်နိုင်ငံ WPA မှ Director နှင့်အဖွဲ့တို့ သီးခြားစီလာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri သည် ယနေ့နံနက် ၈ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောထိန်းသိမ်းရေး၊ သစ်အခြေခံစက်မှုကဏ္ဍ ဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးအား ဗြိတိန်နိုင်ငံ World Pheasant Association- WPA မှ Director Mr. Phil Mc Gowan နှင့်အဖွဲ့သည် နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးကိစ္စများကို ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံမှုများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်နှင့် စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ထွန်းတို့ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

(သတင်းစဉ်)

ဒို့ကျေးရွာဂျာနယ် ထွက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ဒို့ကျေးရွာဂျာနယ် အတွဲ(၉)၊ အမှတ်(၄)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

ဂျာနယ်တွင် အပိုဝင်ငွေရစေရာ ငှက်ပျောပင်စိုက်ပျိုးပါ၊ စပါးစိုက်ပျိုးနည်းစနစ်အလိုက် အားသာ အားနည်းချက်များ၊ မိုးလေဝသနှင့် စိုက်ပျိုးရေး ဟန်ချက်ညီညီဆောင်ရွက်ပေး၊ ကျွဲ၊ နွား တုပ်ကွေးကုသပေး၊ နို့စားနွားမခြံ စနစ်တကျတည်ဆောက်မှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများအပေါ် ထိန်းချုပ်နိုင်မှု၊ ၂၀၁၂ ခုနှစ်အတွက် ခရီးသွားလည်ပတ်ရန် အကောင်းဆုံးနေရာစာရင်းတွင် မြန်မာနိုင်ငံကိုရွေးချယ်၊ ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စား၍ မြန်မာနိုင်ငံသို့ လာရောက်မှုမြင့်မား စသည့် ဖတ်စရာ၊ မှတ်စရာများ ပါရှိကြောင်း သိရသည်။ (သတင်းစဉ်)

နိုင်ငံခြားသားများ အကြိုက်တွေ့သွားသည့် ပန်းပုပြပွဲကျင်းပပြီးစီး

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ကမ္ဘာ့အကြီးကျယ်ဆုံး သစ်ပန်းပုပြပွဲ ပြိုင်ပွဲနှင့် အရောင်းပွဲတော်ကို ဇန်နဝါရီ ၂၆ ရက်မှ ဖေဖော်ဝါရီ ၁၂ ရက်ထိ ပြသခဲ့ရာ နိုင်ငံခြားသားဧည့်သည်များနှင့် ပြည်တွင်းမှ ပန်းပုပညာကို ချစ်မြတ်နိုး စိတ်ဝင်စားသူများ လာရောက်ကြည့်ရှုဝယ်ယူအားပေးခဲ့ကြသည်။

နိုင်ငံခြားသားခရီးသွားဧည့်သည်များသည် ပန်းပုရုပ်တုများကို အရေအတွက်များများဝယ်ယူရန် ဆန္ဒရှိကြကြောင်း၊ မြန်မာ့ဟန်နှင့် တိုင်းရင်းသားဓလေ့ထုံးစံပုံစံအရုပ်များ၊ လက်ရာကောင်းမွန်ပြောင်မြောက်သော တိရစ္ဆာန်အရုပ်များကိုဝယ်ယူ၍ ၎င်းတို့၏ နိုင်ငံများတွင် ပြန်လည်ရောင်းချသွားနိုင်ရန် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ပန်းပုပြပွဲနှင့် ပြိုင်ပွဲများကို ၂၀၀၉ ခုနှစ်တွင် ပထမအကြိမ်၊ ၂၀၁၀ ခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် ခင်းကျင်းပြသခဲ့သည်။ ယခု ၂၀၁၂ ခုနှစ်တွင် ကျင်းပသည့် ပြပွဲကို တတိယအကြိမ်မြောက်အဖြစ် ပြသခြင်းဖြစ်ပြီး ပန်းပုအရောင်းပြခန်းကို နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ (ပိတ်ရက်မရှိ) တက္ကသိုလ် ရိပ်သာလမ်းသစ်ရှိ ဆရာစံပလာဇာ၌ ခင်းကျင်းပြသရောင်းချလျက်ရှိကြောင်း သိရသည်။ (ကိုကြီးသာ)

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းများဖွဲ့စည်း

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းနှင့် ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် ဖွဲ့စည်းတည်ထောင်ပြီး ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ICT လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းသည် ICT နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ အသင်းဝင်များ၏ နည်းပညာလေ့လာမှုကဏ္ဍနှင့်အသုံးချမှုကဏ္ဍများကို ပံ့ပိုးပေးရေး၊ ICT နည်းပညာများကို အသုံးပြုပြီး ဒေသအတွင်း လူမှုစီးပွားကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေး ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားသည်။

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းတွင် ဥက္ကဋ္ဌ ဦးမင်းဦး၊ အတွင်းရေးမှူး ဦးမြင့်သူတို့ ပါဝင်သည့် အလုပ်အမှုဆောင်အဖွဲ့ဝင် ၂၄ ဦးဖြင့် ဖွဲ့စည်းထားသည်။

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းသည် ဒေသအတွင်း ICT နည်းပညာ ဈေးကွက်ဖွံ့ဖြိုးရေးအတွက် စည်းရုံးဆောင်ရွက်ရန်၊ ကွန်ပျူတာပညာဖွံ့ဖြိုးရေး ဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ဒေသအတွင်း လူမှုစီးပွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ညီနောင်အသင်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားသည်။

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းတွင် ဥက္ကဋ္ဌ ဦးထင်အောင်ခိုင်၊ အတွင်းရေးမှူး ဦးမျိုးမြင့်ထွန်းတို့ ပါဝင်သည့်အလုပ်အမှုဆောင်အဖွဲ့ဝင် ၃၆ ဦးဖြင့် ဖွဲ့စည်းထားကြောင်း သိရှိရသည်။ (ကြေးမုံ)

ဗလမင်းထင် တံတား အချက်အလက်များ

၁။ တံတားအရှည်မှာ ၂၆၈၈ ပေရှိသည်။
၂။ သံမဏိသံပေါင်တံတားအမျိုးအစားဖြစ်သည်။
၃။ တံတားအကျယ်မှာ ယာဉ်သွားလမ်း ၂၈ ပေနှင့် လူသွားလမ်း ခြောက်ပေရှိသည်။
၄။ ဗလမင်းထင်တံတားကို ၇-၈-၁၉၉၅ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ပြီး စီမံကိန်းကာလ သုံးနှစ်ကြာဆောက်လုပ်၍ ၁၄-၁၁-၁၉၉၈ ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့သည်။

ဧရာဝတီမြစ်ကူး ဗလမင်းထင်တံတားမှာ ငွားငွားစွင့်စွင့်ထည်ထည်ဝါဝါဖြင့် ကချင်ပြည်နယ်၏ ဂုဏ်ကိုဆောင်။

သဘာဝပတ်ဝန်းကျင်အလှအပများ ဝေဆာပြီး နယ်စပ်ဒေသများနှင့် သွားလာဆက်သွယ်မှုလွယ်ကူချောမွေ့စေသော ဧရာဝတီမြစ်ကူး ဗလမင်းထင်တံတား

* ဗလမင်းထင်တံတားသည် ဗန်းမော်-မိုးမောက်-ဝိုင်းမော်-မြစ်ကြီးနား-ဆွမ်ပရာဘွမ်လမ်းပေါ်တွင် တည်ရှိပြီး မြစ်ကြီးနားအထက်ရှိ စီတာပူနှင့် ဧရာဝတီမြစ်တစ်ဖက်ကမ်း မိုင်းနားကို ဆက်သွယ်ပေးထားသည်။
* ဗလမင်းထင်တံတားကို တည်ဆောက်ပေးခြင်းကြောင့် မြစ်ကြီးနားမှ ဗန်းမော်-မိုးမိတ်-မန္တလေးသို့ လည်းကောင်း၊ မြစ်ကြီးနားမှ ဗန်းမော်-နမ့်ခမ်း-မူဆယ်သို့ လည်းကောင်း၊ ဝိုင်းမော်-ဆဒုံ-ကန်ပိုက်တီးမှ တရုတ်နိုင်ငံ ထိန်ချုံးခရိုင်သို့ လည်းကောင်း၊ ဝိုင်းမော်-မိုးမောက်-လွယ်ဂျယ်မှတစ်ဆင့် တရုတ်နိုင်ငံ လုံချွမ်ခရိုင်သို့ လည်းကောင်း တောက်လျှောက် လမ်းပေါက်ပြီး ကုန်သွယ်မှုကို များစွာအကျိုးပြုသည်။
* ကချင်ပြည်နယ်သည် ရေခဲဖုံးတောင်ထွတ်များ အပါအဝင် သဘာဝပတ်ဝန်းကျင်အလှအပများဖြင့် တိုင်းရင်းသားယဉ်ကျေးမှု အစုအဝေးတည်ရှိသည့်အတွက် ကမ္ဘာလှည့်ခရီးသည်များအား လွယ်ဂျယ်ဝင်ပေါက်မှတစ်ဆင့် ဝင်ရောက်လေ့လာနိုင်၍ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသော တံတားကြီးဖြစ်သည်။

မြစ်ကြီးနားမှ ဝိုင်းမော်သို့ ဆက်စပ်ပေးသည့် ဗလမင်းထင်တံတားကြီးမှာ ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများအားထားရာ။

ဗလမင်းထင်တံတားကြီး၏ အဝင်မုခ်ဦးမှာ စိတ်ကြည်နူးဖွယ်ရာ။

ဗလမင်းထင်တံတားကြီး၏ ချဉ်းကပ်လမ်းမှ ဝိုင်းမော်အထွက်လမ်းမှာ ဖြောင့်ဖြူးညီညာ။

သတင်းမှတ်စု - မောင်ငြိမ်းအေး

နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)ကားလမ်းပြုပြင်မှု ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် သည် ဖေဖော်ဝါရီ ၁၁ ရက်တွင် ရန်ကုန်-မန္တလေး အမြန်လမ်းမှတစ်ဆင့် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး) ကားလမ်းပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင် အမှတ်(၉/၄)နှင့်(၉/၅)အကြား ၄လိုက် ချောင်းတံတား အသစ်တည်ဆောက် မည့် အခြေအနေကို ကြည့်ရှုစစ်ဆေး သည်။

ယင်းနောက် မိုင်တိုင်အမှတ်(၁၁/၄) နှင့် (၁၁/၅)အကြား ထန်းတစ်ပင်ချောင်း Box Culvert ပေါ်တွင် သတ်မှတ် လမ်းသားအကျယ်ရရှိအောင် စက် ယန္တရားများဖြင့် မြေဖို့ခင်းကြိတ်နေမှုနှင့် မိုင်တိုင်အမှတ်(၁၁/၇) နှင့် (၁၁/၈) အကြားတွင် လမ်းချဲ့နေမှုတို့ကို ကြည့်ရှု စစ်ဆေးပြီး မိုင်တိုင်အမှတ်(၂၇/၀)ရှိ ရွှေပန်းကုံး ရှင်းလင်းဆောင်၌ နေပြည်တော်-တောင်ညို-မြို့သစ်- ကန်ပြား(မကွေး) ကားလမ်းဆောင်ရွက် သည့် ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ မိုင်တိုင်အမှတ်(၂၀/၃)နှင့် (၂၀/၄)အကြားတွင် ကတ္တရာထပ်ပိုးလွှာ ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ လမ်းပိုင်းအလိုက် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိ သည်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် နေပြည်တော်-တောင်ညို-မြို့သစ်- ကန်ပြား(မကွေး) ကားလမ်း၌ လမ်းချဲ့နေမှုကို ကြည့်ရှုစစ်ဆေး စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍ မူဝါဒရွေးချယ်သတ်မှတ်ရေးဆိုင်ရာ အမျိုးသားအဆင့်ညီလာခံ ဒုတိယနေ့အစီအစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍအတွက် မူဝါဒရွေးချယ်သတ်မှတ်ရေးဆိုင်ရာ အမျိုးသားအဆင့်ညီလာခံ (Conference on Development Policy Options with Special Reference to Education and Health in Myanmar) ဒုတိယနေ့အစီအစဉ်ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန MICC ခန်းမ၌ ဆက်လက်ကျင်းပသည်။ (အောက်ပုံ)

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြအေးက အမှာစကားပြောကြားရာ တွင် နိုင်ငံသားတစ်ဦးချင်းဖြစ်စေ၊ လူ့အဖွဲ့အစည်းအတွင်းဖြစ်စေ၊ နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဖြစ်စေ အရည်အသွေးမြင့်မားသည့် ပညာရေး သည် အဓိကသော့ချက်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသစ်အနေဖြင့် လူ့ စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် မျိုးဆက်သစ်လူငယ်များအား အလေးထား ပြုစုပျိုးထောင်ပေးလျက် ရှိကြောင်း၊ ယခုကျင်းပသည့် ညီလာခံတွင် အခြေခံ ပညာရေး၊ အဆင့်မြင့်ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာပညာရေး ကဏ္ဍအသီးသီး၏ လက်ရှိရင်ဆိုင် နေရသော စိန်ခေါ်မှုများကို ပြည်တွင်း ပြည်ပ ပညာရှင်များက ဆွေးနွေး သုံးသပ်ကာ မြန်မာနိုင်ငံအတွက် ပညာရေးမူဝါဒများကို ရွေးချယ်ချမှတ် ဆောင်ရွက်နိုင်ရေးအတွက် ညီလာခံ ကိုယ်စားလှယ်များက အဆိုပြုချက်များ ကို ဖော်ထုတ်တင်သွင်းနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။

နိုင်ငံတကာအတွေ့အကြုံများ ရရှိ စေရေးအတွက် အပြည်ပြည်ဆိုင်ရာ ဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများ၊ အစည်းအဝေးများသို့ ပညာရှင်များ အား စေလွှတ်ခဲ့ကြောင်း၊ ဆရာ ဆရာမ များနှင့် ကျောင်းသားများ အပြန် အလှန် ဖလှယ်ရေးအစီအစဉ်များ၊ ပူးပေါင်းသုတေသနလုပ်ငန်းအစီအစဉ် များ၊ ပညာသင်ဆုအစီအစဉ်များကို ပိုမို မြှင့်တင်ဆောင်ရွက်ရန်လိုအပ်မည်ဖြစ် ကြောင်း၊ နိုင်ငံခြားတက္ကသိုလ်များနှင့် မြန်မာနိုင်ငံရှိ တက္ကသိုလ်များကို အဆင့်တူ မိတ်ဖက်တက္ကသိုလ်များ အဖြစ် သတ်မှတ်ဖွဲ့စည်းနိုင်ရေးအတွက် လိုအပ်သော ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော် စီးပွားရေးကို တိုက်ရိုက်အထောက် အကူပြုနိုင်သော အသုံးချသုတေသန လုပ်ငန်းများကို အဆင့်မြင့်ပညာကဏ္ဍ တွင် ဆောင်ရွက်သွားရမည်ဖြစ် ကြောင်း၊ ဤညီလာခံကြီးမှ မြန်မာနိုင်ငံ အတွက် ပညာရေးမူဝါဒများ ချမှတ်နိုင် မည့် ပြည့်စုံလုံလောက်သော ဆွေးနွေး ချက်များ၊ ရလဒ်များ ဖော်ထုတ်နိုင်လိမ့် မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အဆင့်မြင့်ပညာဦးစီး ဌာန(အထက်မြန်မာပြည်) ညွှန်ကြား ရေးမှူးချုပ် ဒေါက်တာစိုးဝင်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး Education System in Myanmar စာတမ်း၊ The Role of Private Sector in Education in Myanmar စာတမ်း၊ Education Sector Co-ordination; Cambodia Experience စာတမ်း၊ Country Perspective: Education Model of Republic of Korea စာတမ်းတို့ကို ဖတ်ကြားတင်ပြကြရာ ပညာရှင်များ၏ ဆွေးနွေးမေးမြန်းအကြံပြုချက်များအပေါ် စာတမ်းရှင်များက ပြန်လည်ရှင်းလင်း တင်ပြကြသည်။

ဆက်လက်၍ Aus AID မှ Education Advisor Mr. David Coleman က သဘာပတိအဖြစ် ဆောင်ရွက်ပြီး Access to and Quality of Education: Education for All in Myanmar စာတမ်း၊ Education Financing စာတမ်း၊ Teaching Practices in Myanmar- A Case Stydy စာတမ်း၊ Teacher Education System: Lessons and Experience From Vietnam & the Region စာတမ်းတို့ကို ဖတ်ကြား တင်ပြကြရာ ပညာရှင်များက လိုအပ် သည်များကို ဆွေးနွေးအကြံပြုကြ၍ ပညာရှင်များ၏ ဆွေးနွေးမေးမြန်းချက် များကို စာတမ်းရှင်များက ပြန်လည် ရှင်းလင်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်း အစီအစဉ်များကို ဆက်လက်ကျင်းပရာ UNESCO မှ Regional Director Mr. Gwang-Jo Kim က သဘာပတိအဖြစ်ဆောင် ရွက်ပြီး Myanmar Higher Education Policy စာတမ်း၊ Enhancing Quality for Higher Education Civil Society Perspective စာတမ်း၊ Higher Education Policy- Lessons from the Region စာတမ်း၊ Enhancing Quality for Higher Education- Experiences from Thailand စာတမ်း၊ Vocational Education in Myanmar စာတမ်း၊ Vocational Education Development-Lessons from Thailand and the Republic of Korea စာတမ်းတို့ကို ဖတ်ကြားတင်ပြ ကြ၍ ပညာရှင်များ၏ ဆွေးနွေးအကြံပြု ချက်များကို ပြန်လည်ရှင်းလင်းဖြေကြား ကြသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေက နိဂုံးချုပ် အမှာစကားပြောကြားသည်။ ညီလာခံ တတိယနေ့ကို ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အထက(၁)မြောက်ဥက္ကလာပ ကျောင်းသားဟောင်းများ၏ ဒုတိယအကြိမ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲတွင် အကောင်းဆုံးအသင်းဆုရ ဆောင်းဟေမာန်အသင်း ခေါင်းဆောင် ဒေါ်ဆောင်းသီတာ(သက်လုံအထူးကုဆေးခန်း)အား အသင်းဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးအောင်ကြည်မြင့် ဒိုင်းဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ရေကြောင်းသတိပေးချက်ထုတ်ပြန်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေး လုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTET International Limited သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-9 နှင့် M-11 တို့တွင် 3D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်း များကို တိုင်းတာရေးရေယာဉ် MV. HAI YANG SHI YOU 719 ဖြင့် ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၂၀ ရက်မှ ၂၀၁၂ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ဆောင်ရွက်ခဲ့သော်လည်း ရာသီဥတုဆိုးရွားခြင်းနှင့် ငါးဖမ်း လုပ်ငန်းဆောင်ရွက်မှုများကြောင့် တိုင်းတာရေးလုပ်ငန်းများ နှောင့်နှေးခဲ့ရပြီး မူလ ကြေညာသတ်မှတ်ထားသည့်ကာလအတွင်း အချိန်မီ ပြီးစီးနိုင်ခြင်းမရှိသည့်အပြင် တိုင်းတာရေးလုပ်ငန်း ပမာဏတိုးချဲ့ဆောင်ရွက်ခြင်းကို ၂၀၁၂ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၃၀ ရက်အထိ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

3D Marine Seismic Acquisition Survey တိုင်းတာရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားမည့် လုပ်ကွက်အမှတ် M-11 ၏ တည်နေရာ ဧရိယာများမှာ Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄ မိနစ် ၄၄ ဒသမ ၃၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၅ မိနစ် ၄၉ ဒသမ ၃၉ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၄ မိနစ် ၅၆ ဒသမ ၂၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၅ မိနစ် ၅၁ ဒသမ ၄၅ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၄ မိနစ် ၅၀ ဒသမ ၃၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၀ မိနစ် ၃၃ ဒသမ ၇၂ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄ မိနစ် ၃၈ ဒသမ ၂၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၀ မိနစ် ၂၈ ဒသမ ၆၆ စက္ကန့်အတွင်း တွင် ဖြစ်သည်။

သို့ဖြစ်၍ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-11 တွင် 3D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV. HAI YANG SHI YOU 719 ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ လေး ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက်(Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်း သင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နား ထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက သတိပေးချက်ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

အားကစားနည်းအလိုက် နည်းပြများလျှောက်လွှာခေါ်ယူ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

မြန်မာနိုင်ငံအားကစားအဆင့်အတန်း တိုးတက်မြင့်မား လာရေးကို ရည်ရွယ်၍ အားကစားဝန်ကြီးဌာန လေ့ကျင့်ရေး စခန်းနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၌ နည်းပြတာဝန် ပေးအပ်နိုင်ရေးအတွက် အောက်ပါအားကစားနည်းများအား နေပြည်တော်တွင် ကာလတိုနည်းပြသင်တန်းများ ဖွင့်လှစ်ပို့ချ သွားမည်ဖြစ်ရာ Passport ဓာတ်ပုံကပ်ထားသော ကိုယ်ရေး အချက်အလက် လျှောက်လွှာတစ်စုံ၊ Passport ဓာတ်ပုံ အပိုနှစ်ပုံနှင့် ရှေ့တည့်တည့်မှရိုက်ကူးထားသော (၄ × ၆) လက်မအရွယ် ကိုယ်လုံးပေါ်ဓာတ်ပုံတစ်ပုံတို့ကို ပူးတွဲလျက် ဖေဖော်ဝါရီ ၂၉ ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ အားကစားဝန်ကြီးဌာန လူထုအားကစားနှင့် ပညာပေးဌာနခွဲ နေပြည်တော်သို့ လျှောက်ထားနိုင်ကြောင်း သိရှိရသည်။

လျှောက်ထားနိုင်သည့်အားကစားနည်းများမှာ ပြေးခုန်ပစ်၊ ရေကူး၊ သေနတ်ပစ်၊ မြားပစ်၊ လက်ဝှေ့၊ ဝူရှူး၊ အလေးမ၊ စက်ဘီး၊ ဂျူဒို၊ တိုက်ကွမ်ဒို၊ ကရာတေးဒို၊ ပိုက်ကျော်ခြင်း၊ ဘတ်စကက်ဘော၊ ဘော်လီဘော၊ တင်းနစ်၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်နှင့် ကျွမ်းဘားတို့ဖြစ်ပြီး လျှောက်ထားသူ များသည် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။ လျှောက် ထားသည့် အားကစားနည်းတစ်ခုခုတွင် အနည်းဆုံး တိုင်း ဒေသကြီး/ပြည်နယ်အဆင့် ပါဝင်ယှဉ်ပြိုင်ဖူးသူဖြစ်ပြီး နည်းပြ မည့်အားကစားနည်းကို ကျွမ်းကျင်ပိုင်နိုင်နှံ့စပ်သူဖြစ်ရမည်။

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၉ ရက်တွင် (၂၅)နှစ်ပြည့်ပြီး (၄၅)နှစ်ထက် မကြီးသူ ဖြစ်ရမည်။ ပညာအရည်အချင်း အနည်းဆုံး ၉ တန်း အောင်မြင်ပြီးသူဖြစ်ရမည်။

ကျန်းမာရေးကောင်းမွန်ပြီး နည်းပြအရည်အချင်း မြင့်မားမှုအပေါ်မူတည်၍ အသက်နှင့် ပညာအရည်အချင်း အား လျှော့ပေါ့စဉ်းစားပေးမည်။

လျှောက်ထားသူများအား ဘုတ်အဖွဲ့ဖြင့် စိစစ်ရွေးချယ်၍ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးပြီး အရည်အချင်းပြည့်မီ သူများကို အားကစားဝန်ကြီးဌာနတွင် နည်းပြရာထူးပုတ်ပြတ် လစာ ၅၀၀၀၀ ကျပ်နှုန်းမှစတင်၍ ခန့်အပ်တာဝန်ပေးသွား မည်ဖြစ်သည်။

အားကစားအရည်အချင်းနှင့် တက်ရောက်ခဲ့ဖူးသော အားကစားနည်းပြသင်တန်းများရှိက ဖော်ပြလျှောက်ထား ရမည်။ စုံစမ်းမေးမြန်းလိုပါက ဖုန်း-၀၆၇-၄၀၆၁၈၃ (ဒုတိယ ညွှန်ကြားရေးမှူးချုပ်ရုံး)၊ ၀၆၇-၄၀၆၀၂၆ (ညွှန်မှူး၊ လူထု/ ပညာဌာနခွဲ)၊ ၀၆၇-၄၀၆၀၂၇ (လူထု/ပညာဌာနခွဲ) တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

(၆၇)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

- ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဦးတည်ချက်များကို စွဲမြဲစွာခံယူစောင့်ထိန်းရေး။
- နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး။
- ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် တပ်မတော်၏ အဓိကတာဝန်ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေး။
- နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်တည်ဆောက်ရေး။

ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေအား ဂျပန်၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် နော်ဝေးသံအမတ်ကြီးနှင့် နော်ဝေးနိုင်ငံတို့မှ ဧည့်သည်အဖွဲ့များ သီးခြားစီတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေအား ဂျပန်နိုင်ငံအစိုးရနှင့် ပုဂ္ဂလိကရေနံလုပ်ငန်းကုမ္ပဏီများ ပူးပေါင်းဖွဲ့စည်းထားပြီး ရေနံထုတ်လုပ်သောနိုင်ငံများသို့ နည်းပညာဆိုင်ရာသင်တန်းများ ပေးအပ်လျက်ရှိသော Japan Co-operation Center Petroleum မှ Executive Director Mr. Masataka Sase ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်၍ တွေ့ဆုံပြီး စွမ်းအင်ဝန်ကြီးဌာနနှင့် JCCP တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော အစီအစဉ်များအား တိုးမြှင့်ဆောင်ရွက်သွားရန်၊ မြန်မာနိုင်ငံ၌ ဆောင်ရွက်နေသော စွမ်းအင်လုပ်ငန်းများနှင့် ပိုမိုသင့်လျော်မည့် နည်းပညာဆိုင်ရာသင်တန်းများ တိုးမြှင့်ပေးသွားရန် နှစ်ဖက်သဘောတူ ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် အာရှဖွံ့ဖြိုးရေးဘဏ်မှ Director General Mr. Kunio Senga ဦးဆောင်သောအဖွဲ့နှင့်တွေ့ဆုံပြီး မြန်မာနိုင်ငံ၌ ပြုပြင်ပြောင်းလဲဆောင်ရွက်နေသော စွမ်းအင်မူဝါဒများနှင့် လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ဗန်ကောက်မြို့အခြေစိုက် နော်ဝေးနိုင်ငံသံအမတ်ကြီး Mrs. Katja Christina Nordgaard နှင့် နော်ဝေးနိုင်ငံ Statoil ကုမ္ပဏီမှ Vice President Mr. Paui R.Moen တို့ ဦးဆောင်သောအဖွဲ့အား တွေ့ဆုံပြီး ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူရင်းနှီးမြှုပ်နှံ၍ လုပ်ငန်းများ ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် လုပ်ငန်းဌာနများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေအား ဗန်ကောက်မြို့အခြေစိုက် နော်ဝေးနိုင်ငံသံအမတ်ကြီး Mrs. Katja Christina Nordgaard နှင့် နော်ဝေးနိုင်ငံ Statoil ကုမ္ပဏီမှ Vice President Mr. Paui R.Moen တို့ ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာပေသက်ခင်အား ဥရောပကော်မရှင်မှ ဖွံ့ဖြိုးရေးလုပ်ငန်းများဆိုင်ရာမဟာမင်းကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပေသက်ခင်အား ဥရောပကော်မရှင်မှ ဖွံ့ဖြိုးရေးလုပ်ငန်းများဆိုင်ရာ မဟာမင်းကြီး Mr. Andris Piebalgs နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၁၃ ရက် ညနေ ၄ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။ (အောက်ပုံ)

ထိုသို့တွေ့ဆုံရာ၌ ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်ရေးနှင့် ကျန်းမာရေးစနစ် မြှင့်တင်ဆောင်ရွက်မည့် အစီအစဉ်များ၊ နိုင်ငံတကာတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ဝန်ထမ်းများအား လေ့ကျင့်သင်ကြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ကျန်းမာရေးအသုံးစရိတ်တိုးမြှင့်ရေးကိစ္စရပ်များ၊ ကမ္ဘာ့ရန်ပုံငွေအဖွဲ့ (GFATM)နှင့် အဓိကရောဂါကြီး (၃)မျိုး တိုက်ဖျက်ရေးရန်ပုံငွေတို့မှ တစ်ဆင့် ဥရောပကော်မရှင်မှ ပံ့ပိုးမှုဖြင့် လက်ရှိဆောင်ရွက်လျက်ရှိသော အေအိုင်ဒီအက်စ်၊ တီဘီနှင့် ငှက်ဖျားရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများ၊ ဆက်လက်ပူးပေါင်း ဆောင်ရွက်မည့် အစီအစဉ်များကိုဆွေးနွေး၍ အမြင်ချင်း ဖလှယ်ခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်နှင့် ဒေါက်တာဝင်းမြင့်၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦး၊ ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်မြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒသမအကြိမ် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်သစ်သီးဝလံပန်းမန်ပြပွဲ ဖွင့်ပွဲတက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

၂၀၁၂ ခုနှစ် ဒသမအကြိမ် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် မန္တလေးကန်တော်ကြီး လူထုအပန်းဖြေဥယျာဉ်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့်ဇနီး တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ မန္တလေးမြို့တော်ဝန် ဦးဖုန်းဇော်ဟန်နှင့် တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်သန်းတို့က ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြပွဲတွင် ဖွင့်လှစ်ပြသထားသော မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီစိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနပြခန်း၊ ဝန်ကြီးဌာနပြခန်းများ၊ ကုမ္ပဏီပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အနယ်နယ်အရပ်ရပ်မှ သီးနှံနှင့် ပန်းမန်ဝါသနာရှင်များပြိုင်ပွဲဝင် ပြသထားသော သစ်သီးဝလံပန်းမန်များကို လိုက်လံကြည့်ရှုအားပေးကြသည်။

ယင်းနောက် မွန်းလွဲ ၂ နာရီတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ မန္တလေးမြို့တော်ဝန်၊ စည်ပင်သာယာရေးကော်မတီနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတို့မှ တာဝန်ရှိသူများက သစ်သီးဝလံပန်းမန်ပြိုင်ပွဲ ခေါင်းစဉ်အမျိုးအစား ၂၃ မျိုးမှ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများအား ဆုများကိုလည်းကောင်း၊ ပြိုင်ပွဲအမျိုးအစားအားလုံးတွင် အကောင်းဆုံးတံခွန်စိုက်ဆုရရှိသော ခါတော်မီပျိုးဥယျာဉ်မှ ဦးလှထွန်းအောင်အား တံခွန်စိုက်ဆုများကိုလည်းကောင်း ချီးမြှင့်ခဲ့ကြသည်။

ယနေ့ကျင်းပသော ၂၀၁၂ ခုနှစ် ဒသမအကြိမ် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြပွဲ ပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား ၂၃ မျိုး၊ ပြိုင်ပွဲဝင်အရေအတွက် ၆၃၀ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြပွဲကို ဖေဖော်ဝါရီ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့် ၂၀၁၂ ခုနှစ် ဒသမအကြိမ် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ ပြိုင်ပွဲ၌ ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဟိမဝန္တာလင်းတကြီး ကျောက်ကြီးမြို့နယ်၌ ဖမ်းဆီးရမိ

ရေတာရှည် ဖေဖော်ဝါရီ ၁၄

လမ်းမှား ပျံသန်းရောက်ရှိလာသည်ဟု ယူဆရသည့် အလေးချိန် ၁၀ ပိဿာကျော်ခန့်ရှိသော ဟိမဝန္တာလင်းတကြီး တစ်ကောင်ကို ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် နောင်ကုန်းကျေးရွာဝန်းကျင်မှ ဖမ်းဆီးရမိပြီး ရွာဦးဘုန်းတော်ကြီးကျောင်း၌ စောင့်ရှောက်ထားသည်ဟု သိရသည်။ **(ဓါတ်ပုံ)**

အဆိုပါ လင်းတငှက်ကြီးတစ်ကောင်အပါအဝင် အမျိုးတူငှက်သုံးကောင်သည် နောင်ကုန်းကျေးရွာဝန်းကျင်ကို ပျံသန်းရောက်ရှိလာခဲ့ရာ ရွာရှိလူငယ်များက လိုက်လံဖမ်းဆီးခဲ့ရာတွင် အဆိုပါငှက်ကြီးအား ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ ခရီးဝေးမှ ပျံသန်းလာခဲ့၍ အတောင်ညောင်းကာ အဝေးသို့ပျံနိုင်စွမ်းမရှိဘဲ တစ်ကြိမ်လျှင် ၂/၃ ဖာလုံခန့်သာ ရောက်ရှိအောင် ပျံသန်းနိုင်သဖြင့် ရွာရှိလူငယ်များက ဖမ်းဆီးရမိခဲ့ပြီးနောက် ရွာဦးဘုန်းတော်ကြီး ကျောင်းဆရာတော်ထံ သွားရောက်လှူဒါန်းခဲ့သည်။ ဖမ်းဆီးရမိသည့် လင်းတငှက်ကြီးကို တစ်နေ့လျှင် အမဲသား ၅၀ ကျပ်သားခန့် ဆရာတော်က ကျွေးမွေးစောင့်ရှောက်ထားပြီး ပြည်သူအများ ကြည့်ရှုလေ့လာနိုင်ရန် တိရစ္ဆာန်ရုံတစ်ခုခုသို့ ပေးပို့ရန်စီစဉ်ထားပြီး ယခုအခါ အနီးအနားရှိကျေးရွာများမှ နေ့စဉ်လာရောက်ကြည့်ရှုသူ များပြားလျက်ရှိကြောင်း သိရှိရသည်။

(၅၇၈)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၅-၂-၂၀၁၂(ဗုဒ္ဓဟူးနေ့)

AM & PM

၅း၄၀	"(၁၂)ဖြာလက္ခဏာ" တရားတော်(ဆရာတော် ဓမ္မဒူတ အရှင်ပညာဝရ)
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၁၁၆)**
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၆၉)**
၈း၅၅	Miss Lily 2012 (Part-2)
၉း၅၀	အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်၏ဂုဏ်ပူဇာမင်္ဂလာ
၁၀း၁၀	သမိုင်းဝင်ဥသျှစ်လှ စေတီတော်မြတ်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့်ထီးတော်အသစ် တင်လှူပူဇော်ပွဲ
၁၁း၀၀	Queen Oramin-F Contest (Part-2)
၁၁း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တေးသွားဧကရီ" (အပိုင်း-၁၆)**
၆း၁၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၁၁၇)**
၇း၀၀	Queen Oramin-F Contest (Part-3)
၇း၃၀	Miss Lily 2012 (Part-3)
၈း၃၀	Road To ဆောင်းဦးလှိုင်ရဲ့ နှလုံးသားတွေလျှုမယ့်ည
၉း၀၀	Celebrity Style (သဥ္ဇာနွယ်ဝင်း)
၉း၂၀	The Shop Around The Corner(Part-23)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၇၀)**
၁၀း၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တေးသွားဧကရီ" (အပိုင်း-၁၇)**
၁၂း၃၀	လေဖြတ်ပြီးနောက် ပြန်လည်ကျန်းမာ သန်စွမ်းရေးအကြောင်း သိကောင်းစရာ(ဒေါက်တာပန်ဒိုရာအောင်ကြီး)
၁း၃၀	**ချစ်တတ်ကြရအောင်** (ထွန်းထွန်းဝင်း၊ အောင်ရဲလင်း၊ ချစ်စနိုးဦး၊ သန်းသန်းစိုး) [ဒါရိုက်တာ-သိန်းဟန်(ဖိုးနစ်)]
၁း၄၅	Celebrity Profile (Jet Li)
၄း၀၀	Shooting Location
၄း၄၅	ပတ္တမြားမြေပေါ်မှ သိင်္ဂါရောင်မြင်ကွင်းများ

မြေပုံရေးဆွဲခြင်းလုပ်ငန်းကို ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်တတ်စေရေးနှင့် မြေပုံဆင့်ပွားသင်တန်းများ ပြန်လည်ဖွင့်လှစ်ပို့ချနိုင်ရေး ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေး အခြေခံအထောက်အကူပြု မြေပုံ(နည်းပြ) သင်တန်းအမှတ်စဉ်(၁/၂၀၁၂) သင်တန်းဆင်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေး အခြေခံအထောက်အကူပြု မြေပုံ(နည်းပြ) သင်တန်းအမှတ်စဉ်(၁/၂၀၁၂) သင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ၌ ယခုဖွင့်လှစ်ခဲ့သည့် မြေပုံ(နည်းပြ) သင်တန်းသည် မိမိတို့ဝန်ကြီးဌာနက တာဝန်ယူ၍ ယခုနှစ်အတွင်းဆောင်ရွက်မည့် ပြည်တွင်း ပြောင်းရွှေ့သွားလာမှုစစ်တမ်း ကောက်ယူနိုင်ရေးနှင့် ၂၀၁၄ ခုနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်မည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူနိုင်ရေးလုပ်ငန်းများ၏ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းစဉ်တွင် အဓိက အခြေခံအကျဆုံးဖြစ်သည့် မြေပုံရေးဆွဲခြင်းလုပ်ငန်းကို ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်တတ်စေရေးနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌ မြေပုံဆင့်ပွားသင်တန်းများ ပြန်လည်ဖွင့်လှစ်ပို့ချနိုင်ရေးတို့အတွက် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းလုပ်ငန်းနှစ်ခုလုံးသည် နိုင်ငံတော်၏ လူဦးရေကိန်းဂဏန်းများ တွက်ချက်ရာ၌ အရေးပါသည့် လုပ်ငန်းများဖြစ်သည်ကို သိရှိနားလည်ပြီး ယုံကြည်ချက်၊ ခံယူချက်ရှိရှိဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း။

လူဦးရေကိန်းဂဏန်းများ မှန်ကန်မှုရှိမှသာ နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော်မည့် စီမံကိန်းများရေးဆွဲရာတွင် တိကျမှန်ကန်စွာ တွက်ချက်ဆောင်ရွက်နိုင်မည်ဖြစ်၍ စနစ်တကျ တိကျမှန်ကန်စွာ ဆောင်ရွက်ကြရန်လိုကြောင်း၊ သင်တန်းကာလအတွင်း စာတွေ့၊ လက်တွေ့ပို့ချချက်များကို လက်တွေ့နယ်ပယ်တွင် ထိထိရောက်ရောက် အသုံးချဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်ကြောင်း၊ မိမိတာဝန်ကျနယ်မြေသို့ ပြန်လည်ရောက်ရှိချိန်တွင် ဆင့်ပွားသင်တန်းများပို့ချရန်ဖြစ်၍ ဘာသာရပ်အပေါ် ကျွမ်းကျင်ပိုင်နိုင်ရန်လိုကြောင်း၊ ဆွေးနွေးပို့ချချက်များအပေါ် အခြားဆက်စပ်ဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်သွားကြရန်လည်း လိုအပ်ကြောင်း၊ ဌာန၏ရည်မှန်းချက်တာဝန်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ထိုးထွင်းကြံဆ လုပ်ဆောင်ကြ၍ စေတနာအရင်းခံဖြင့် ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်းစသည်ဖြင့် ပြောကြားသည်။

အဆိုပါမြေပုံ(နည်းပြ)သင်တန်းသို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ သင်တန်းသား ၅၁ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မျိုးရိုးဗီဇကြောင့် ဖြစ်ပွားခြင်းထက် နေ့စဉ် နေထိုင်စားသောက်မှုပုံစံများကြောင့် ကင်ဆာရောဂါများ ပိုမိုဖြစ်ပွားနေ

ကင်ဆာရောဂါများ ဖြစ်ပွားနေခြင်းကို လေ့လာဆန်းစစ်ကြည့်ပါက မျိုးရိုးဗီဇလိုက်မှုကြောင့် ဖြစ်ပွားခြင်းထက် နေ့စဉ်နေထိုင်စားသောက်မှု ပုံစံများကြောင့် ပိုမိုဖြစ်ပွားနေရကြောင်း အထူးကုဆရာဝန်ကြီးများ၏ ပြောကြားချက်များအရ သိရသည်။

မြန်မာနိုင်ငံတွင် လူဦးရေတစ်သိန်းတွင် ၁၀၀ရာနှုန်းခန့် ကင်ဆာရောဂါများ ဖြစ်ပွားနေရပြီး မိသားစုမျိုးရိုးဗီဇလိုက်မှုကြောင့် ဖြစ်ပွားခြင်းထက် ပတ်ဝန်းကျင်နှင့် နေထိုင်မှုပုံစံများ၊ စားသောက်မှုပုံစံများကြောင့် ပိုမိုဖြစ်ပွားနေကြောင်း ကင်ဆာအကြောင်း သိကောင်းစရာ ဟောပြောပွဲတစ်ခုတွင် ပါမောက္ခ ဒေါက်တာဦးစိုးဦးမောင်က အသိပေးဟောပြောသွားခဲ့သည်။ ကင်ဆာရောဂါများတွင် မျိုးရိုးဗီဇလိုက်မှုကြောင့် ဖြစ်ပွားနေမှုမှာ သုံးပုံတစ်ပုံခန့်သာရှိနေပြီး အများစုမှာ ပတ်ဝန်းကျင်အကြောင်းတရားများ၊ နေထိုင်စားသောက်မှု ပုံစံများကြောင့်မှာ သုံးပုံနှစ်ပုံခန့် ဖြစ်ပွားနေကြောင်းသိရသည်။ ဖြစ်ပွားမှုများတွင် ၃၀ ရာခိုင်နှုန်းခန့်မှာ နေ့စဉ်စားသုံးနေသော အစာအာဟာရများ **(အပေါ်ယာပုံ)**နှင့် ဆက်စပ်နေသည်ဟု သိရပြီး ဆားနှင့်သိပ်ထားသော အသား၊ ငါး၊ ကျပ်တင်ထားသော အသားငါးများ၊ မီးတောက်နှင့်ကြော်ခြင်း၊ ဖုတ်ခြင်း၊ ချက်ခြင်းများ၊ ပိုးသတ်ဆေးများနှင့် မကင်းသည့် အစားအစာများ၊ ဓာတုဗေဒပစ္စည်းများ ပါဝင်နေသော အစားအစာများ၊ ဆိုးဆေးများပါဝင်သော အစားအစာများ၊ မှိုတက်နေသော အစားအစာများ၊ တိရစ္ဆာန်ဆီများနှင့် အသားများ အလွန်အကျွံ စားသုံးခြင်းတို့ကြောင့်လည်း ကင်ဆာရောဂါများ ဖြစ်ပေါ်စေနိုင်သည်ဟု သိရသည်။ ဆေးလိပ်နှင့် အရက်သုံးစွဲခြင်း မရှိသော်လည်း နေ့စဉ်နေထိုင်မှုနှင့် စားသောက်မှုပုံစံတို့ကြောင့် ဖြစ်ပေါ်လာမှုများလည်း ပိုမိုများပြားလာလျက်ရှိသည့်အတွက် သတိပြုဖွယ်ရာပင် ဖြစ်သည်။

အရက်သောက်သုံးခြင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲခြင်း၊ ဆေးလိပ်ငွေ့များ၊ မီးခိုးငွေ့များ ရှူရှိုက်ရခြင်း၊ သားရေနံ့များ၊ ပရိဘောဂလုပ်ငန်းများ၊ လုပ်ငန်းခွင်များက ထွက်ပေါ်လာသော ဓာတုပစ္စည်းများကြောင့်လည်း ကင်ဆာရောဂါများ ဖြစ်ပေါ်လျက်ရှိသည်။ အာဆင်းနစ်ဓာတ်ပါဝင်သောရေကို သောက်သုံးမိပါကလည်း ကင်ဆာရောဂါများ ဖြစ်ပေါ်နိုင်သည်ဟု သိရသည်။ ကင်ဆာရောဂါများသည် လုပ်ငန်းခွင်အနေအထားများကြောင့်ဖြစ်ပေါ်ခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းခြင်း၊ အစားအစာများထဲတွင် ရောနှောပါဝင်နေသော အရာများကြောင့် ဖြစ်ပွားခြင်း၊ ဆေးဝါးများကြောင့် ဖြစ်ပွားခြင်း၊ ရောင်ခြည်သင့်ခြင်း၊ နာတာရှည်ကူးစက်ရောဂါများကြောင့် ဖြစ်ပွားခြင်း၊ အစာအာဟာရကြောင့် ဖြစ်ပွားခြင်း၊ ကိုယ်ခံအားကျခြင်းနှင့် ဟော်မုန်းဓာတ်များကြောင့် ဖြစ်ပေါ်လျက်ရှိသည်။

မျိုးရိုးဗီဇလိုက်မှုထက် နေ့စဉ်နေထိုင်စားသောက်မှုပုံစံများ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု အနေအထားများကြောင့် ကင်ဆာရောဂါအမျိုးမျိုး ဖြစ်ပေါ်လျက်ရှိရာတွင် ကျန်းမာသော နေထိုင်မှုပုံစံ၊ ကျန်းမာရေးဗဟုသုတများဖြင့် နေထိုင်သွားကြရန် လိုအပ်သည်ဟု ဆရာဝန်ကြီးများက အကြံပြုကြသည်။ အများပြည်သူတို့ ကျန်းမာရေးဗဟုသုတ အမြင်ကျယ်ကျယ်ပြန့်ပြန့် သိမြင်နိုင်ရေးအတွက် အသိပညာပေးလုပ်ငန်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးရန်လည်း လိုအပ်သည်ဟု သုံးသပ်သည်။ အများပြည်သူစားသုံးရန်မသင့်သော အစားအစာများ၊ အန္တရာယ်ရှိသော ဓာတုဗေဒပစ္စည်းများ ပါဝင်သည့် အစားအစာများ၊ ဖျော်ရည်များ၊ အသုံးအဆောင်ပစ္စည်းများကိုလည်း အမြဲမပြတ် စစ်ဆေးပေးပြီး အသိပေးကြေညာခြင်းများ၊ ဥပဒေအရ အရေးယူခြင်းများကိုလည်း ထိရောက်စွာ ဆောင်ရွက်သင့်ကြောင်း တိုက်တွန်းပြောကြားကြသည်။ (ဆုနှင်းလဲ့)

တာမွေတွင် လောင်သောမီး နေအိမ်လေးလုံးပြာကျ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်မြို့ တာမွေမြို့နယ်တွင် ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ မီးသတ်တပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ကူညီကယ်ဆယ်ငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။**(ယာပုံ)**

အဆိုပါမြို့နယ် တာမွေကြီး(ခ)ရပ်ကွက် ၁၆၄ လမ်းနှင့် ကျိုက္ကဆံလမ်းကြားရှိ အိမ်အမှတ်(၃၆၉) မှ နံနက် ၉ နာရီခန့်တွင် မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး မီးလောင်ပြီး ၁၀ မိနစ်ခန့်မှ စ၍ မီးသတ်ယာဉ် ၃၄ စီး၊ အထောက်အကူပြုယာဉ် သုံးစီး၊ အုပ်ချုပ်မှုယာဉ်လေးစီး၊ သန္ဓေတပ်ဖွဲ့ဝင် ၃၁၄ဦး၊ အရန်တပ်ဖွဲ့ဝင် ၁၀၁ ဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၁၀ ဦးတို့ဖြင့် ကူညီကယ်ဆယ်ငြိမ်းသတ်ခဲ့ရကြောင်း၊ နံနက် ၉ နာရီ ၂၅ မိနစ်ခန့်တွင် မီးလောင်မှုကိုထိန်းနိုင်ခဲ့ပြီး နံနက် ၉ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

မီးလောင်သည့်နေအိမ်မှာ ပေ ၂၀ × ၁၂ ပေ သွပ်မိုးပျဉ်ကာ ပျဉ်ခင်းတစ်ထပ်အိမ်ဖြစ်ပြီး မီးဖိုမီးမှ စတင်လောင်ကျွမ်းခဲ့ကြောင်း၊ မီးလောင်မှုကြောင့် နေအိမ်လေးလုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ အတည်ပြုထားသည်။ မီးလောင်ဆုံးရှုံးခံရသောနေအိမ်များမှ မီးဘေးဒုက္ခသည်များကို ကယ်ဆယ်ရေးစခန်းဖွင့်၍ လိုအပ်သော စောင့်ရှောက်ကူညီမှုများ ပြုလုပ်ပေးထားကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။ (၆၈၀)

ယနေ့ဖတ်စရာမှတ်စရာ

အဆိုးအငွေ့

ဒေါက်တာသန်းထွင့်

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့ထုတ် ကြေးမုံသတင်းစာကျောဖုံးတွင် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မဲဇလီကျေးရွာအုပ်စု လယ်မကျေးရွာတွင် လွန်ခဲ့သော(၁၀)နှစ်ခန့်က အသုံးပြုခဲ့သော အကျယ်လေးတောင်နှင့် အနက်ဆယ်တောင်ရှိ မိလ္လာကန်မှရေဆိုးထုတ်ရန် ကန်တွင်းဆင်းသွားသည့် လူလေးဦး ရေဆိုးထုတ်ရင်း အသက်ဆုံးပါးသွားရသောသတင်းတစ်ပုဒ် ဖော်ပြထားသည်။ ယခုကဲ့သို့သော ဖြစ်ရပ်များကို မိမိ၏ ဝန်ထမ်းဘဝကာလများက မကြာခဏဟု ဆိုရလုနီးပါး ကြုံတွေ့ခဲ့ရဖူးသည်။ ယင်းကဲ့သို့သော ကြေကွဲစရာဖြစ်ရပ်များ ပေါ်ပေါက်လာရခြင်းမရှိစေရန် အချက်နှစ်ချက်ကို အိမ်သာကျင်း၊ ရေတွင်းဆယ်သူများအပါအဝင် မိလ္လာကန်ဆယ်လျှင်၊ ဆေးလျှင် အထူးသတိထားရသည်။

ပထမတစ်ချက်မှာ CLOSED SPACE ENTRY သို့မဟုတ် ENCLOSED SPACE ဟု ခေါ်သော လှောင်ကန်၊ လှောင်နေသော ဝင်ပေါက်တစ်ပေါက်သာရှိသည့်အခန်းအကန့်များအတွင်း ဝင်ရောက်ခြင်းကိစ္စဖြစ်သည်။ ယင်းကဲ့သို့သော နေရာများသည် လေဝင်ထွက်လှည့်ပတ်မှုမကောင်း။ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့၊ ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့များ စုအောင်းနေတတ်သည်။ လူတို့တစ်ဘဝတာနေ့စဉ်ရှူရသော လေသန့်ထဲတွင် နိုက်ထရိုဂျင်ဓာတ်ငွေ့ ၇၂ ရာခိုင်နှုန်းနှင့် အောက်ဆီဂျင်ဓာတ်ငွေ့ ၂၁ ရာခိုင်နှုန်း အဓိကအားဖြင့် ပါဝင်သည်။ ထိုဓာတ်ငွေ့များမှာ လူတို့ရှူကြရရုံမက လူအသက်ရှင်ရေးအတွက် ပဓာနကျသော ဓာတ်ငွေ့များဖြစ်ကြသည်။ ပိတ်လှောင်နေသောနေရာ၊ အခန်းအကန့်ထဲတွင် စုအောင်းနေတတ်သော ယင်းကာဗွန်ဒိုင်အောက်ဆိုက်နှင့် ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့များကိုမူ လူတို့မရှူရပါ။ သေတတ်သည်။ ထို့ကြောင့် ရှေးက ရေတွင်းဆင်းဆယ်သူများ ဖယောင်းတိုင်မီးထွန်းပြီး လူတို့ထက်အရင်ဦးစွာ ရေတွင်းထဲချကြည့်သည်။ ဖယောင်းတိုင်မီးငြိမ်းသွားလျှင် ရေတွင်းထဲမဆင်း၊ မီးငြိမ်းသွားခြင်းသည် လူရှူ၍ရသော၊ မီးလောင်ခြင်းကိုအားပေးသော အောက်ဆီဂျင်ဓာတ်ငွေ့ ရေတွင်းထဲတွင်မရှိ။ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များပြားနေခြင်းလက္ခဏာ။

မိလ္လာကန်ထဲဆင်းခါနီးတွင်မူ ဖယောင်းတိုင်မီးထွန်းကာ ကြိုးနှင့်ချကြည့်၍ မရနိုင်။ မိလ္လာကန်ထဲရှိ ဓာတ်ငွေ့များထဲတွင် မီသိန်းဓာတ်ငွေ့(ဇီဝဓာတ်ငွေ့)ပါသဖြင့် မီးလောင်နိုင်သည်။ လှောင်ကန်တွင်းလေထုထဲရှိ အောက်ဆီဂျင်ဓာတ်ငွေ့ကို ဖယ်ရှားပစ်လိုက်နိုင်ပြီး မိလ္လာကန်ထဲရှိ သာမန်အသက်ရှူကျပ်စေသော ဓာတ်ငွေ့နှစ်မျိုးမှာ ကာဗွန်ဒိုင်အောက်ဆိုက်နှင့် မီသိန်းဓာတ်ငွေ့တို့ ဖြစ်ကြသည်။ မည်သည့်လေထုထဲတွင်မဆို အောက်ဆီဂျင်ပါဝင်မှု ၁၀ ရာခိုင်နှုန်းထက်လျော့ပါးလာလျှင် အသက်အန္တရာယ်ချက်ချင်းကျရောက်နိုင်သည်။ မိလ္လာကန်ဆေး၊ ရေဆိုးထုတ်ရာတွင် သတိထားစရာ ဒုတိယအချက်က ဓာတ်ငွေ့များ။

မိလ္လာလှောင်ကန်၊ ရေဆိုးကန်ဟုဆိုသော်လည်း ထိုကန်များထဲတွင် လူ့အညစ်အကြေးများအပြင် စက်မှုလုပ်ငန်းသုံးဓာတုပစ္စည်းများ၊ အိမ်သုံးဓာတုပစ္စည်းများ၊ အမှိုက်သရိုက်အညစ်အကြေးများပါ ပါဝင်နေလေ့ရှိသည်။ ထိုဒြပ်ပေါင်းများထဲတွင် အငွေ့ပျံလွယ်သည့် အန္တရာယ်ရှိအရာများ အများအပြားရောနှောပါဝင်နေတတ်သည်။ တစ်ဖန် မိလ္လာများပြိုကွဲပျော်ကြေသွားပါက ကာဗွန်ဒိုင်အောက်ဆိုက်၊ မီသိန်း၊ ကာဗွန်မိုနောက်ဆိုက်၊ ဟိုက်ဒရိုဂျင်ဆာလ်ဖိုက်၊ ဟိုက်ဒရိုဂျင်ဆိုင်ယာနိုက်၊ အမိုးနီးယားနှင့် ကလိုရင်းဓာတ်ငွေ့များထွက်လာတတ်ပါသည်။ ယင်းတို့အနက် အဆိုးဆုံးမှာ ဟိုက်ဒရိုဂျင်ဆာလ်ဖိုက်ဓာတ်ငွေ့ဖြစ်သည်။ ယင်းကို စူးဝါးဂက်(စ်) (SEWER GAS-မိလ္လာဓာတ်ငွေ့)ဟု ခေါ်သည်။

ယင်းဓာတ်ငွေ့ကြောင့် ယခုကဲ့သို့ အသက်ဆုံးရှုံးကြရခြင်းဖြစ်သည်။ ယင်းဓာတ်ငွေ့သည် မိလ္လာကန်၊ မိလ္လာကျင်းတို့၏ အောက်ခြေတွင် ရှိတတ်သည်။ ယင်းဓာတ်ငွေ့(၁၀၀ ppmမှ ၂၀၀ ppm) ကြားရှူမိပါက(အနံ့ခံ) ဇဟိုအာရုံကြောမ စွမ်းရည်ချွတ်ခြုံကျသွားကာ ကြက်ဥပုပ်နံ့ရှိသော ယင်းဓာတ်ငွေ့ကိုရှူ၍ ရှူနေမှန်းမသိတော့။ ထို့ကြောင့် ယင်းဓာတ်ငွေ့များများ (၅၀၀ မှ ၁၀၀၀ ppm)တစ်ချက်၊ နှစ်ချက်ရှူလိုက်မိသည်နှင့် လုံးဝ သတိလစ်သွားတော့သည်။

စံကိုက်အနေဖြင့်မူ ကန်တွင်းဆင်းမည့်သူကို ကန်တွင်းရှိလေထုထဲပါ ဟိုက်ဒရိုဂျင်ဆာလ်ဖိုက်ပမာဏ (၁၀ ppm)ကျော်လျှင်၊ ကာဗွန်မိုနောက်ဆိုက်ပမာဏ(35 ppm)ကျော်လျှင်၊ အောက်ဆီဂျင်ပမာဏ ၁၉ ဒသမ ၅ ရာခိုင်နှုန်းထက်လျော့ကျလာလျှင် ကိန်းဂဏန်းနှင့်ပါဖော်ပြကာ အသံမြည်သတိပေးကိရိယာ တပ်ဆင်ပေးလိုက်ရသည်။ ထို့အတူ ၁၀ မိနစ်ကြာ အောက်ဆီဂျင် တောက်လျှောက်ပေးထားနိုင်သည့် ဘီ-အေကိရိယာ (BREATHING APPARATUS-အသက်ရှူကိရိယာ)ကိုပါ မိလ္လာကန်တွင်းဆင်းမည့်သူကို ဝတ်ဆင်ပေးလိုက်ရသည်။

အရပ်နည်းအရမူ ရေဆိုးထုတ်မည့် မိလ္လာကန်ထဲသို့ တစ်ရက်၊ နှစ်ရက်ကြိုကာဆားကြမ်းခတ်ထားရသည်။ ရေဆိုးထုတ်မည့်ရက်ရောက်လျှင် ကန်အဖုံး(MAN HOLE COVER)ကိုဖွင့်ထားရသည်။ တစ်ပြိုင်နက်တည်းမှာပင် ကန်ထဲသို့ လေမှုတ်သွင်းထားရသည်။ လှိုင်သာယာတွင် အလားတူဖြစ်ခဲ့စဉ်က ကန်ဝမှ ပန်ကာသုံးလုံး ပြိုင်ဖွင့်ပေးထားကာ ကန်ထဲသို့ ထန်းတက်လှေကားချပေးလိုက်နိုင်သဖြင့် သတိလစ်လုဆဲလူနှစ်ဦးကို လှိုင်သာယာဆေးရုံမှ အောက်ဆီဂျင်ဘူးတပ်လျက်သား ရန်ကုန်ဆေးရုံကြီးသို့ ခေါ်သွားနိုင်ခဲ့သဖြင့် အသက်ချမ်းသာရာရဖူးသည်။

လူမှန်လျှင် အလုပ်လုပ်ရသည်။ လုပ်လျှင်သာ အလုပ်၏သဘောသဘာဝအပါအဝင် လုပ်ငန်းခွင် ဘေးကင်းလုံခြုံစိတ်ချရေးသည်လည်း အရေးကြီးသည်။ အလုပ်သဘောသဘာဝကိုလည်း သိတတ်နှံ့စပ်ရန်လိုသည်။ အလုပ်ပေးသူကလည်း အလုပ်လုပ်ရသူအတွက် သိသင့်သိအပ်ရာကို ပြသပေးဖို့လိုသည်။ မည်သည့်အလုပ်လုပ်လုပ် အနှောင့်အယှက်၊ အဖျက်အမှောင့်ကင်းကင်းနှင့် လိုရင်းဆန္ဒပြည့်ဝစေရန် အသိရှိရသည်။ ထို့အပြင် သတိမလစ်စေရ။ ။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

ဆည်၊ တမံများတည်ဆောက်ရာ၌ အကျိုးဖြစ်ထွန်းမှုကို ဦးစားပေးတည်ဆောက်သင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၅၅၆)ဦးတို့ တက်ရောက်ကြသည်။

ယနေ့အစည်းအဝေး၌ ဖေဖော်ဝါရီ ၁၀ ရက်က တင်သွင်းခဲ့သော ကော့ကရိတ်မဲဆန္ဒနယ်မှ ဦးသူရိန်ဇော် ၏ "လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့သော မြစ်ရေတင်စီမံကိန်းများနှင့် ရေလှောင်တမံ၊ ရေလွှဲဆည်များအား ပြည်ထောင်စုစာရင်းစစ်ချုပ်မှ စစ်ဆေးတွေ့ရှိချက်အပေါ် ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ သုံးသပ်အကြံပြုချက်များသည် ပြည်သူတစ်ရပ်လုံးအတွက် အရေးကြီးသောအချက်များဖြစ်သဖြင့် အများပြည်သူအကျိုးငှာ ပြည်ထောင်စုအစိုးရအဖွဲ့က ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန်" အဆိုနှင့်စပ်လျဉ်း၍ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသိန်းအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးကျော်သူဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဒေါက်တာခင်ရွှေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင်၊ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးသန်းထွန်း၊ မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းကျော်မြင့်နှင့် မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေတို့က ဆွေးနွေးကြသည်။

ယင်းသို့ ဆွေးနွေးရာတွင် ဆည်၊ တမံများတည်ဆောက်ရာ၌ အကျိုးဖြစ်ထွန်းမှုကို ဦးစားပေး တည်ဆောက်သင့်ကြောင်း၊ မြစ်ရေတင်စီမံကိန်းများ တည်ဆောက်ရာတွင် ကုန်ကျစရိတ်နှင့် အကျိုးထိရောက်မှုကို ချိန်ဆဆောင်ရွက်သင့်ကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၏ စစ်ဆေးတွေ့ရှိချက်သည် ဆည်အချို့ပေါ်တွင် အခြေခံထားသဖြင့် ကျန်ဆည်၊ တမံများကိုလည်း ထပ်မံစိစစ်သင့်ပါကြောင်း၊ မြစ်ရေတင်စီမံကိန်းများသည် ရေအလိုနည်းသီးနှံများအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်၍ ချိန်ဆတွက်ချက်ရာတွင် စပါးကိုအခြေမခံဘဲ ရေအလိုနည်းသီးနှံများကိုသာ အခြေခံတွက်ချက်သင့်ပါကြောင်း၊ ဆည်၊ တမံအသစ်များ တည်ဆောက်သည့်အပြင် တည်ဆောက်ပြီးသား ဆည်တမံများကိုလည်း မူလရည်မှန်းချက် အတိုင်း အသုံးပြုနိုင်အောင် ဆောင်ရွက်သွားသင့်ပါကြောင်း၊ တည်ဆောက်ဆဲဆည်၊ တမံစီမံကိန်းများကိုလည်း **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✻

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဗီဂျေနမ်ဘီးယားနှင့်အဖွဲ့ဝင်များအား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးပြောင်းလဲဖြစ်ပေါ် တိုးတက်နေမှုများအပေါ် အသိအမှတ်ပြုကာ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ကူညီမည့်ကိစ္စရပ်များအတွက် ဝမ်းမြောက်ဝမ်းသာကြိုဆို

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာဗီဂျေနမ်ဘီးယားနှင့်အဖွဲ့ဝင်များအား ယနေ့မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ယ နေ့ သ တ င် း အ ညွှ န် း

ကြံ့တောင့်ကြံ့ခဲ ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့်ဗုဒ္ဓပူဇနီယပွဲ ကုသိုလ်ယူပါဝင်ဆင်နွှဲ

ပြည်တွင်းသတင်း စာမျက်နှာ ၆

အဆိုးအငွေ့

"အလုပ်၏သဘောသဘာဝအပါအဝင် လုပ်ငန်းခွင်ဘေးကင်းလုံခြုံစိတ်ချရေးအရေးကြီး"

ယနေ့ဖတ်စရာ စာမျက်နှာ ၁၀

မျိုးဆက်သစ်အားကစားသမားများ ရှာဖွေဖော်ထုတ်ရေးအစီအစဉ်အရ ပြေးခုန်ပစ်ပြိုင်ပွဲများကျင်းပ

ပြည်တွင်းသတင်း စာမျက်နှာ ၃

မျိုးရိုးဗီဇကြောင့်ဖြစ်ပွားခြင်းထက် နေ့စဉ် နေထိုင်စားသောက်မှုပုံစံများကြောင့် ကင်ဆာရောဂါများ ပိုမိုဖြစ်ပွားနေ

ပြည်တွင်းသတင်း စာမျက်နှာ ၁၀